မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၁၇)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတသစ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတသစ်အဖြစ် ၂၀၁၂ ခုနှစ် မေ ၇ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည့် မစ္စတာ ဗလာဒီမာ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဆန္ဒမဲလက်မှတ်များတွင် ဖယောင်းသုတ်ထားသည်ဟု NLD က စွပ်စွဲပြောဆိုမှုကို ကော်မရှင်က ဖော်ထုတ်စစ်ဆေးရာ ဖြစ်စဉ်မှန်ကန်မှုမရှိကြောင်း သတင်းထုတ်ပြန်ခြင်း

နေပြည်တော် မေ ၈

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲတွင် ပုလဲ၊ မော်လမြိုင်၊ မြန်အောင်၊ မကွေး၊ တောင်တွင်းကြီး၊ ကော့မှူး၊ မင်္ဂလာတောင်ညွန့်၊ မရမ်းကုန်း၊ ဒဂုံ(ဆိပ်ကမ်း)နှင့် ကလော(အောင်ပန်း)မြို့နယ်တို့၌ ဆန္ဒမဲလက်မှတ်များကို ရေးခြစ်၍မရအောင် ဖယောင်းသုတ်ထားသည့် ဆန္ဒမဲလက်မှတ်များကို မဲရုံမှူးများက မဲလာပေးသူတို့အား ပေးအပ်နေကြောင်း၊ မဲလက်မှတ်လဲလှယ်ပေးရန် တောင်းဆိုသော်လည်း မရကြောင်း၊ ဆန္ဒမဲလက်မှတ်ကို ဖယောင်းသုတ်ခြင်းသည် မဲလက်မှတ်ကို ဖျက်ဆီးခြင်းဖြစ်၍ အမြန်ဆုံး အရေးယူပေးပါရန်နှင့် ဆန္ဒမဲပြားတွင် ဖယောင်းသုတ်ခြင်းကိစ္စရပ်မှာ တစ်ပြည်လုံးအတိုင်းအတာနှင့် ဖြစ်ပေါ်လျက်ရှိနေကြောင်း ဖော်ပြလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဗဟိုအောင်နိုင်ရေးအဖွဲ့ အတွင်းရေးမှူးက ၁-၄-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ စာရေးသားပေးပို့လာပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယင်းကိစ္စအား မဲဆန္ဒနယ်မြေအလိုက် စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးဖော်ထုတ်နေစဉ်အတွင်းမှာပင် NLD ဗဟိုအောင်နိုင်ရေးအတွင်းရေးမှူးက ၂-၄-၂၀၁၂ ရက်နေ့တွင် ဗွီ၊ အိုအေ(မြန်မာပိုင်း) သတင်းဌာနနှင့်တွေ့ဆုံ Interview ၍ ဆန္ဒမဲလက်မှတ်ကို ဖယောင်းသုတ်ခြင်းဟာ ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်းဖြစ်ကြောင်း၊ တရားမျှတတဲ့ရွေးကောက်ပွဲကို ထိခိုက်စေကြောင်း ထုတ်ဖော်ပြောဆိုခြင်း၊ သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ထုတ်ဖော်ပြောဆိုခြင်းပြုသဖြင့် ဂျာနယ်/စာစောင်များတွင် ဖော်ပြပါရှိခဲ့ကြောင်း တွေ့ရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တင်ပြချက်အရ ဆန္ဒမဲလက်မှတ် ဖယောင်းသုတ်မှုဖြစ်ပွားသည်ဆိုသည့် မြို့နယ် (၁၀)မြို့နယ်လုံးသို့ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာ နိုင်ငံရေးပါတီ(၂)ပါတီမှ မြို့နယ်အဆင့် ဥက္ကဋ္ဌ/အတွင်းရေးမှူးတို့ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် အဖြစ်မှန်ကို ထုတ်ဖော်စစ်ဆေးစေပြီး မဲရုံအသီးသီးရှိ မဲပေးပြီးသည့် ဆန္ဒမဲလက်မှတ်များကိုပါ ဖွင့်ဖောက်စစ်ဆေး ပြသစေခဲ့ပါသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးတွေ့ရှိချက်များအရ "တိုင်ကြားခံရသည့် မြို့နယ် (၁၀)မြို့နယ်လုံးတွင် ဆန္ဒမဲလက်မှတ်များကို ဖယောင်းသုတ်မှုဖြစ်စဉ် လုံးဝဖြစ်ပွားခဲ့ခြင်းမရှိကြောင်း၊ ယင်းသို့ဖြစ်စဉ်ရှိသည်ဟု တရားဝင်တိုင်ကြားသူလည်း မရှိကြောင်း၊ သတင်းအခြေအမြစ်မရှိသည့် တစ်ဆင့်ကြားစကား၊ ထင်မြင်ချက်စကားများဖြင့် ကော်မရှင်သို့ တိုင်ကြားခြင်းဖြစ်ပါကြောင်း၊ ၁-၄-၂၀၁၂ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲသည် အမျိုးသားရေးကိစ္စဖြစ်ပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုကို ကမ္ဘာနှင့်အဝန်းစောင့်ကြည့်နေသည့်ကာလအတွင်း ယခုကဲ့သို့ မမှန်မကန် စွပ်စွဲပြောဆိုမှုများကြောင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဂုဏ်သိက္ခာကျဆင်းစေနိုင်သဖြင့် မမှန်မကန်တိုင်ကြားသူအား ဥပဒေအရအရေးယူသင့်ကြောင်း" စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် နိုင်ငံရေးပါတီအချို့တို့က သုံးသပ်တင်ပြမှုများ ရှိလာခဲ့ပါသည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ Campaign မန်နေဂျာဆိုသူသည် ကြားဖြတ်ရွေးကောက်ပွဲအကြိုကာလအတွင်း MONITOR NEWS JOURNAL အတွဲ(၁) အမှတ် (၉၃)တွင် ရှင်းလင်းပြောကြားရာ၌ မဲဆွယ်စည်းရုံးခြင်းနှင့် စပ်လျဉ်း၍ အဖြစ်မှန်မဟုတ်သည့် သတင်းများကို ထုတ်ဖော်ပြောဆိုပြီး လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ ခဲယဉ်းကြောင်း ဝေဖန်ပြောဆိုသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁-၃-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၁/နငရ-မပတ(၁)/ကမရ စာဖြင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ရွေးကောက်ပွဲအပေါ်တွင် ပြည်သူနှင့် နိုင်ငံတကာက အထင်အမြင်လွဲမှားစေရန် ပြောဆိုမှုများမပြုစေရေး ထိန်းသိမ်းကြပ်မတ်ပေးရန်ကိုလည်း သက်ဆိုင်ရာ ပါတီဥက္ကဋ္ဌထံသို့ လိပ်မူ၍ စာပေးပို့အကြောင်းကြားခဲ့ရပြီး ဖြစ်ပါသည်။

ထို့ကြောင့် ၁-၄-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဗဟိုအောင်နိုင်ရေးအဖွဲ့ အတွင်းရေးမှူးက တင်ပြတိုင်ကြားသည့် မြို့နယ် (၁၀)မြို့နယ်၌ ဆန္ဒမဲလက်မှတ်များတွင် ဖယောင်းသုတ်ထားသည်ဆိုသည့်ဖြစ်စဉ်မှာ မှန်ကန်မှုမရှိပါကြောင်းနှင့် ယင်းသို့ သတင်းအခြေအမြစ် မှန်ကန်မှုမရှိသည့် တစ်ဆင့်ကြားစကားများဖြင့် ပြည်သူများကို ထင်ယောင်ထင်မှားဖြစ်စေအောင် ထုတ်ဖော်ရေးသား၊ ပြောဆိုခြင်းမပြုရေးအတွက် သက်ဆိုင်ရာ ပါတီအတွင်းရေးမှူးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လိုအပ်ပါက အရေးယူနိုင်ရန် ဥပဒေနှင့်အညီ ခေါ်ယူရှင်းလင်း အသိပေးပြောကြားပြီးဖြစ်ကြောင်း အများပြည်သူသိစေရန် သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံးသင်္ဘော ကမ္ဘာတစ်ပတ်ခရီးစဉ် ပြီးမြောက်အောင်မြင် စာ-၄

အကြီးဆုံးဆင်စွယ်ပန်းပုအနုလက်ရာ ဗြိတိန်တွင် လေလံတင်မည် စာ-၅



ပရီမီယာလိဂ်တွင် ၁၁ နှစ်ကြာကစားခဲ့သည့် ဘလက်ဘန်း ဝီဂန်ကို ရှုံးပြီး တန်းဆင်းရပြီ စာ-၁၁

နိုင်ငံတကာဈေးကွက်လိုအပ်ချက်အရ Food Safety ဆိုင်ရာ အကောင်အထည်ဖော်ရန်ကိစ္စရပ်များအပေါ် လက်မှတ်ရေးထိုး လဲလှယ်

နေပြည်တော် မေ ၈

ယနေ့နံနက် ၁၀ နာရီတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ နိုင်ငံတကာ ဈေးကွက်လိုအပ်ချက်အရ အထူးသဖြင့် ASEAN နှင့် EU နိုင်ငံများမှ တောင်းဆိုလာသည့် Food Safety ဆိုင်ရာကိစ္စရပ်များအား အကောင်အထည်ဖော်ရန် ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် (Farm to Table) ဖမ်းဆီးခြင်း၊ မွေးမြူခြင်း၊ ရေခဲစက်၊ ငါးတင်/ချဆိပ်ကမ်း၊ ငါး၊ ပုစွန် ပြုပြင်သည့် စက်ရုံများ၌ ကျန်းမာရေးနှင့် သန့်ရှင်းရေးဆိုင်ရာကိစ္စရပ်များ၊ ဓာတ်ခွဲစစ်ဆေးမှုနှင့်စပ်လျဉ်း၍ တိုးတက်မှုများရှိစေရန် လိုအပ်ချက်များ၊ ငါးလုပ်ငန်းဦးစီးဌာန၏ စစ်ဆေးမှုစနစ်များသည် အပြည်ပြည်ဆိုင်ရာမှ လိုအပ်ချက်နှင့်အညီဖြစ်စေရေး၊ ပံ့ပိုးပေးနိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် FAO (Myanmar) ဌာနေကိုယ်စားလှယ် Ms. Bui Thi Lan တို့က စီမံကိန်းနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြကြောင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် တက်ရောက်ခဲ့ကြောင်း **(ယာပုံ)** သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မလေးရှား စိုက်ပျိုးရေးပညာရှင်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မလေးရှားနိုင်ငံ Kuala Lumpur Kepong Berhad ကုမ္ပဏီမှ Group Director Mr. Roy Iim Kiam Chye ဦးဆောင်သော စိုက်ပျိုးရေးပညာရှင်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ဝဲပုံ)** အဆင့်မြင့် ရော်ဘာမျိုးကောင်းမျိုးသန့်များ၊ ဆီအုန်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်းလုပ်ငန်း၊ ကုန်ချောစက်ရုံများတည်ဆောက်ပြီး အစ-အလယ်-အဆုံး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို နှစ်ဖက်အကျိုးအမြတ် ဖြစ်ထွန်းရရှိစေမည့် WIN-WIN PRIVATE အရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ရန်ကုန်တက္ကသိုလ်သို့ သွားရောက်စစ်ဆေး

ရန်ကုန် မေ ၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ **(ယာပုံ)** ဘွဲ့နှင်းသဘင်အဆောက်အအုံ၌ ပါမောက္ခချုပ်ဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူတို့က ဘွဲ့နှင်းသဘင်အဆောက်အအုံဘေး မြေယာအလှပြုပြင်ခြင်း၊ ကားရပ်နားရန်နေရာများ ပြုလုပ် ထားခြင်း၊ ဘွဲ့နှင်းသဘင်ခန်းမအတွင်းပိုင်း ပြင်ဆင်မွမ်းမံခြင်း၊ အဓိပတိလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုပ်သမားနေ့အခမ်းအနား မိုးမောက်၌ကျင်းပ

မိုးမောက် မေ ၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ မေ ၁ ရက် နံနက် ၁၀ နာရီက အလုပ်သမားနေ့ သဝဏ်လွှာ ဖတ်ကြားပွဲ အခမ်းအနားကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် ၂၀၁၂ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများအား ရုံးတူညီဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို မေ ၄ ရက်က ခရိုင်အစည်းအဝေးခန်းမ၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က ဝန်ထမ်းများအား ငွေကျပ် ၄၅၁၅၀၀ တန်ဖိုးရှိ ရုံးဝတ်စုံများ ထောက်ပံ့ပေးအပ်စဉ်။ (မြန်မာ့အလင်း)

သစ်ပင်ကိုနှစ်ခြင်စိုက် ရွှေတိုက်ကိုခိုး

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
	- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅	ကျန်းမာဖို့အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	သတ္တဌာန(ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
၇း၅၀	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ

ညပိုင်း

၄း၃၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၁၀	International Science News
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၈း၀၀	ပြည်တွင်းသတင်း
	- နိုင်ငံတကာသတင်းများ
	- မိုးလေဝသအခြေအနေ
	- တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့ဖျော်ဖြေတင်ဆက်မှု အစီအစဉ်

၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကို "Green Economy: Does it Include you?" **"ပတ်ဝန်းကျင် မပျက်ယွင်းစေသော အစိမ်းရောင်စီးပွားရေး၊ သင်တို့အားလုံးပါဝင်ဆောင်ရွက်ပေး"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။

၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ထူးခြားချက်မှာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် စတင်သတ်မှတ်ခဲ့သည့် နှစ် ၄၀ ပြည့် အထိမ်းအမှတ်ဖြစ်နေခြင်း၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော ၁၉၉၂ ခုနှစ် ရီယိုထိပ်သီးညီလာခံအပြီး အနှစ် ၂၀ အကြာ ဘရာဇီးလ်နိုင်ငံ ရီယိုဒီဂျနေရိုမြို့၌ပင် ကျင်းပပြုလုပ်မည့် ရီယို+၂၀ ညီလာခံကြီးနှင့် တိုက်ဆိုင်နေခြင်း၊ သတ်မှတ်ဆောင်ပုဒ်မှာ အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်ရန်ဖြစ်နေခြင်းနှင့် ၂၀၁၂ခုနှစ်ကို ကုလသမဂ္ဂက အားလုံးအတွက် ရေရှည်တည်တံ့သော အပြည့်ပြည့်ဆိုင်ရာ စွမ်းအင်နှစ်အဖြစ် သတ်မှတ်ထားခြင်းတို့ဖြစ်သည်။

ကုလသမဂ္ဂက ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) နှင့် ဆင်းရဲမှုလျှော့ချရေး (Poverty Eradication) အတွက် အစိမ်းရောင်စီးပွားရေး (Green Economy) ဟုခေါ်တွင်သည့် ပတ်ဝန်းကျင် ယိုယွင်းမှု မရှိစေသော သို့မဟုတ် ပတ်ဝန်းကျင်ယိုယွင်းမှုအနည်းဆုံးဖြစ်စေသော စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ကြရန်နှင့် ယင်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံကြရန် ကမ္ဘာ့နိုင်ငံများအားလုံးသို့ တိုက်တွန်းထားရာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန်အချက်အလက်များမိမိတို့ရေးသားလိုသည့် အခြားအချက်အလက်များ၊ သာဓကများ ပါဝင်သောဆောင်းပါးနှင့် စာစီစာကုံးများကို ရေးသားပေးပို့ ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်အပ်သည်။

ဆောင်းပါးများကို A4 ဆိုက် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅မျက်နှာအထိလည်းကောင်း၊ စာစီစာကုံးများကို A4 ဆိုက် စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှ အများဆုံး ၇ မျက်နှာအထိလည်းကောင်း၊ ကွန်ပျူတာစာလုံး Win-Innwa သို့မဟုတ် Myamar Unicode (Myanmar 2)၊ စာလုံးအရွယ်အစား ၁၈ (Font size 18)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5) ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ (Hard copy)တစ်စုံနှင့် CD ဖြင့် (Soft copy) တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံတို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ် ၂၈ နေပြည်တော် တယ်လီဖုန်းအမှတ်- ၀၆၇-၄၀၅၃၈၃၊ ၀၆၇-၄၀၅၃၈၆၊ ၀၆၇-၄၀၅၃၉၀ သို့ မေ ၂၅ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်သည်။

ဆုရရှိသူများကို နေပြည်တော်၌ ကျင်းပမည့် ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်
သစ်တောရေးရာဝန်ကြီးဌာန

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

(၂၀၁၂ ခုနှစ် မေ ၉ ရက်)

ကိုယ့်အစွမ်း ကိုယ်ဆောင် ကြံတိုင်းအောင်

လောက၌ သူတစ်ပါးကို အားကိုးခြင်းထက် ကိုယ့်အားကိုယ်ကိုးခြင်းက ပို၍ကောင်း၏။ သူတစ်ပါးကို အားကိုးခြင်းသည် အရာရာမကောင်းနိုင်။ တစ်ခါတစ်ရံကောင်း၏။ အမြဲတစေမကောင်းနိုင်။ ကိုယ်အကူအညီတောင်းသည့်အလုပ်ကို သူတစ်ပါးက လုပ်ပေးချင်မှလုပ်ပေးမည်။ သူတစ်ပါးက အလုပ်အားမှ လုပ်ပေးမည်။ အလုပ်အားသည်ထားဦးတော့ စိတ်ကောင်း စေတနာကောင်းရှိဦးမှဆိုတာရှိ၏။ ထို့ကြောင့် ကိုယ့်အားကိုယ်ကိုးခြင်းသည်သာ အကောင်းဆုံးဖြစ်၏။

ကိုယ့်အားကိုယ်ကိုးခြင်းကို ကလေးဘဝကတည်းက အလေ့အကျင့်များများ ပြုလုပ်ပေးသင့်၏။ မိဘအများစုသည် မိမိတို့သားသမီးများအပေါ် အလိုလိုက် အကြိုက်ဆောင်တတ်ကြ၏။ မခိုင်းရက်၊ မပြောရက်ကြ။ မိဘအားကိုးလွန်းသည့်စိတ်ဓာတ် ကလေးတွင်လွှမ်းကဲလာသောအခါ ထိုကလေးသည် အရည်အချင်း ညံ့ဖျင်းသွားတတ်၏။ မိဘကျွေးမှစား၊ မိဘခိုင်းမှလုပ်မှုများလာသည့်အခါ ကလေး၏ ထိုးထွင်းကြံဆလုပ်ကိုင်တတ်သော အလေ့အကျင့်များ လျော့ပါးလာတတ်၏။

ယနေ့ခေတ်တွင် ရေပန်းစားနေသော အကြောင်းအရာတစ်ရပ်မှာ ကလေးများအား ဂိုက် **(Guide)** ယူစေခြင်းပင်ဖြစ်၏။ မူလတန်းအဆင့်မှ တက္ကသိုလ်အထိ ဂိုက်ယူနေရ၏။ ဆေးတက္ကသိုလ်၊ အင်ဂျင်နီယာအဆင့်အထိပင် ဂိုက်ပေးသည်ဟု ကြားဖူး၏။ အမှန်မှာ ဂိုက်ပေးသည်ဆိုခြင်းသည် ကျောင်း သား ကျောင်းသူများအား စာကူကျက်ပေးသည့်အလုပ်ဖြစ်သည်။ မိဘများက သားသမီးများ ပင်ပန်းမှုသက်သာပါစေ၊ သူတစ်ပါးထက်တော်ပါစေ၊ တတ်ပါစေဟူသောဆန္ဒနှင့် ထိုသို့ ဂိုက်ယူစေခြင်းဖြစ်၏။

ဤသို့ ဂိုက်ယူစေခြင်းကြောင့် ကလေးသည် စာကျက်ရ သက်သာသွားသည်က အမှန်ပင်။ အမှတ်ကောင်း၍ ဂုဏ်ထူးပင် ထွက်နိုင်သေး၏။ သို့သော် ထိုကလေးသည် ကိုယ်ပိုင်တွေးခေါ်တတ်သည့် အလေ့အထ၊ အပင်ပန်းခံ ကြံကြံဖန်ဖန်ခံတတ်သည့် စိတ်ဓာတ်၊ ကိုယ်တိုင်စူးစမ်းရှာဖွေတတ်သည့် အလေ့အကျင့်စသော ကောင်းသော အမူအကျင့်များ လျော့ပါးနေသည်ကို တွေ့ရပေလိမ့်မည်။ ဤသို့သောကလေး နောင်တွင် လူကြီးဖြစ်လာလျှင် ကိုယ်ပိုင်ဉာဏ်နှင့် ဆုံးဖြတ်လုပ်ကိုင်ရသောအလုပ်များတွင် အခက်အခဲတွေ့လာနိုင်သည်။

ထိုကိုယ်စွမ်းကိုယ်စကို လေ့ကျင့်ပျိုးထောင်ရာတွင် ကလေးဘဝသည် အရေးကြီးကြောင်း ထင်ရှားသော ဥပမာတစ်ရပ်အဖြစ် တင်ပြခြင်းဖြစ်ပါသည်။ ဘယ်အရာမဆို ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အလင်း၊ ကိုယ်ပိုင်အရည်အချင်းရှိမှ တိုးတက်အောင်မြင်နိုင်ပါသည်။ ထို့ကြောင့် လူကြီးသူမများက "သူများနှာခေါင်းအငှားတောင်းတဲ့အလုပ် မလုပ်ကြပါနဲ့၊ ကိုယ့်အရည်အချင်းနဲ့ကိုယ်လုပ်စမ်းပါ" စသည်ဖြင့် မကြာခဏပြောဆိုလေ့ရှိကြသည်။ ကိုယ်တိုင်ကြိုးစားအားထုတ်ခြင်းဖြင့်သာ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်ပါသည်။

သို့ပါသောကြောင့် လူတိုင်းလူတိုင်းသည် ကိုယ့်အားကိုယ်ကိုး ကြိုးစားအားထုတ်ခြင်းကို မဏ္ဍိုင်ပြုသင့်ပါသည်။ သူများအားကိုးခြင်းကား ခရီးမရောက်နိုင်ပါ။ ရည်မှန်းချက်ပန်းတိုင်ပင် ပျောက်နိုင်ပါသေးသည်။ ကိုယ့်အစွမ်းကိုယ်ဆောင်ခြင်းသည်သာ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အစွမ်းအစတို့ဖြင့် ကိုယ့်အားကိုယ်ကိုးသည့် အလေ့အကျင့်ကောင်းများ ရှင်သန်နေအောင် မွေးမြူသင့်ပါကြောင်း အကြံပြုတိုက်တွန်းလိုက်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ်တွေ့ဆုံ

နေပြည်တော် မေ ၈

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ် Lord Waverley သည် မေ ၇ ရက် ညနေ ၄ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်း၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် သတ္တုသယံဇာတများထုတ်လုပ်ရာ၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများက ပါဝင်ဆောင်ရွက်မှုများ၊ ဘဏ္ဍာရေးဆိုင်ရာများနှင့် သတ္တုသယံဇာတများထုတ်လုပ်မှုအပေါ် အခွန်ကောက်သည့်စနစ်နှင့် အခွန်ကောက်ခံမှုများ၊ ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချမှုများ၊ ဘူမိဗေဒဆိုင်ရာအချက်အလက်များ၊ အဆင့်မြင့်နည်းပညာအသုံးပြုနိုင်မည့်အခြေအနေများ၊ နိုင်ငံတကာတွင် ကျယ်ပြန့်စွာအသုံးပြုလျက်ရှိသည့် Airbome Survey System နှင့် Remote Sensing System များနှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဗန်ကောက်မြို့အခြေစိုက် စပိန်သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် မေ ၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် စပိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ignacio Sagaz ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌လာရောက်တွေ့ဆုံ၍ **(ဝဲပုံ)** နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပုဂ္ဂလိကကဏ္ဍအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ထုတ်လွှင့်နေသော MRTV-4 Free To Air ရုပ်သံလိုင်းကို ဖမ်းယူမှုပိုမိုလွယ်ကူစေရန် စီစဉ်ဆောင်ရွက်မည်

ရန်ကုန် မေ ၈

MRTV-4 Free To Air ရုပ်သံလိုင်းအား အများပြည်သူများ ပိုမိုလွယ်ကူစွာ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် လက်ရှိထုတ်လွှင့်ပေးလျက်ရှိသော Antenna, Feeder နှင့်ဆက်စပ်ပစ္စည်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မေ ၁၀ ရက်မှ ၁၂ ရက်အထိ စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။

လုပ်ငန်းများစတင်ဆောင်ရွက်သည့် မေ ၁၀ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီတွင်း MRTV-4 Free To Air ရုပ်သံလိုင်းထုတ်လွှင့်ပေးခြင်းကို ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပြီး လုပ်ငန်းပြီးစီးချိန်တွင် MRTV-4 Free To Air ရုပ်သံလိုင်းအစီအစဉ်များကို ပုံမှန်အတိုင်း ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

မေ ၁၂ ရက်တွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အားလုံးပြီးစီးမည်ဖြစ်ပြီး MRTV-4 Free To Air ရုပ်သံလိုင်းအစီအစဉ်များကို ရုပ်သံအရည်အသွေးကြည်လင်ကောင်းမွန်စွာဖြင့် ပိုမိုလွယ်ကူစွာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အလုပ်သမားနေ့အခမ်းအနား မန္တလေး၌ ကျင်းပ

မန်စီ မေ ၈

မေ ၁ ရက်တွင် ကျရောက်သည့် အလုပ်သမားနေ့အခမ်းအနားကို မေ ၁ ရက်က မန်စီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၂ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိမ်းဇော်ဦးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော အလုပ်သမားနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စဉ့်ကိုင်၌ စာပေဟောပြောပွဲကျင်းပ

စဉ့်ကိုင် မေ ၈

စဉ့်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစီအစဉ်ဖြင့် မေ ၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အာရုံတော် ဆွမ်းလောင်းအသင်းဓမ္မာရုံ၌ စာပေဟောပြောပွဲ ကျင်းပရာ စာရေးဆရာချစ်နိုင် (စိတ်ပညာ) က လူဖြစ်ရခြင်း၏ ရည်ရွယ်ချက်ခေါင်းစဉ်ဖြင့်လည်းကောင်း**(အပေါ်ယာပုံ)**၊ စာရေးဆရာ လယ်တွင်းသားစောချစ်က ဘဝမှာစာ၊ စာမှာဘဝခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(၁၆၀)**

သန်လျင်မြို့နယ် စာရေးဆရာအသင်းရွေးချယ်

ရန်ကုန် မေ ၈

သန်လျင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် စာရေးဆရာအသင်း ပြန်လည်ဖွဲ့စည်းရွေးချယ်ခြင်းအခမ်းအနားကို ဧပြီ ၂၉ ရက်က သန်လျင်မြို့နယ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိဦးမျိုးမြင့် (မျိုးမြင့်-ကျွန်းချောင်း)က အဖွင့်အမှာစကားပြောကြားပြီးနောက် တာဝန်ရှိသူများက မြို့နယ်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်းရာ တက်ရောက်လာသူ စာပေအဖွဲ့ဝင်များက ထောက်ခံအတည်ပြုကြသည်။

၎င်းနောက် သန်လျင်မြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင်ကော်မတီဝင်များကို မြို့နယ်ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်ဆွေ (ရွှေစွန်ညို)၊ မြို့နယ်ထွေ/အုပ်မှ ဒုတိယဦးစီးမှူး ဦးတင်ထူး၊ ဦးခင်မော် (ချမ်းမြေ့မင်း)တို့ ရှေ့မှောက်၌ ဆန္ဒမဲပေး၍ ရွေးချယ်ကြရာ ဥက္ကဋ္ဌ ဦးစောဝင်း (ဖိုးစော-သန်လျင်)၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦး(သန်လျင်မောင်မောင်ဦး)၊အတွင်းရေးမှူး ဦးရွှေတင် (မောင်ညိုမှိုင်း-သန်လျင်)၊ တွဲဖက်အတွင်းရေးမှူး ဒေါ်မိုးမိုးသူ(ကြည်မွေ့အိမ်)၊ ဘဏ္ဍာရေးမှူး ဦးဇော်ဖေ(မောင်သွေးရင့်)၊ အဖွဲ့ဝင် ဦးမျိုးမြင့်(ကာတွန်းအီကွေတာ)၊ အဖွဲ့ဝင် ဦးသော်ဝင်းကြည်(သော်ဝင်းကြည်-ရေနံချောင်း)ပါ ခုနစ်ဦးကို ရွေးချယ်ခဲ့ကြောင်း သိရှိရသည်။ **(၀၄၉)**

အာဆီယံဒေသ တိရစ္ဆာန်ကျန်းမာရေးနှင့် လူကိုကူးစက်နိုင်သော ရောဂါများဆိုင်ရာ စည်းဝေး

နေပြည်တော် မေ ၈

တိရစ္ဆာန်ကျန်းမာရေးနှင့် လူကိုကူးစက်နိုင်သောရောဂါများဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာနထူထောင်ရေး ကြိုတင်ပြင်ဆင်မှုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကောင်းကင်နန်းတော်ဟိုတယ်၌ကျင်းပရာ **(အပေါ်ပုံ)** မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့-အာဆီယံဒေသဆိုင်ရာ အထောက်အကူပြုယူနစ် (FAO-RSU)၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့-အရှေ့တောင်အာရှဒေသခွဲရုံး (OIE-SRR) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် တိရစ္ဆာန်ကျန်းမာရေးနှင့် လူကိုကူးစက်နိုင်သောရောဂါများဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန ထူထောင်ရေးနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေးကော်မတီဖွဲ့စည်းခြင်း၊ ၎င်းအဖွဲ့၏ အခန်းကဏ္ဍနှင့်လုပ်ငန်းတာဝန်များ၊ တိရစ္ဆာန်ကျန်းမာရေးနှင့် လူကိုကူးစက်နိုင်သော ရောဂါများ၊ နိုင်ငံဖြတ်ကျော် တိရစ္ဆာန်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းအစီအစဉ်များ၊ ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာနထူထောင်ဖွင့်လှစ်ခြင်း၊ ရန်ပုံငွေရရှိရေးနှင့် အသုံးပြုခြင်းတို့နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမေ့ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန် -

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ပြင်သစ်အစိုးရသစ် အဖွဲ့ဝင်များအား တွေ့ရစဉ်။

ပြင်သစ်နိုင်ငံအစိုးရသစ်လက်ထက် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်မည်ဟု အီရန်မျှော်လင့်

တီဟီရန် မေ ၈

ပြင်သစ်အစိုးရအတွင်းမှ အပြောင်းအလဲက မိမိတို့အီရန်နှင့် ပြင်သစ်နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရာမင်မေမန်ပရတ်က ထုတ်ဖော်ပြောကြားကြောင်း မေ ၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြောကြား

ပြင်သစ်နိုင်ငံမှ နောက်ဆုံးသမ္မတရွေးကောက်ပွဲရလဒ်က တာဝန်မှလွှဲပြောင်းပေးရတော့မည့် သမ္မတဆာကိုဇီ၏ မူဝါဒသဘောထားများအပေါ် ပြည်သူက ကျေနပ်မှုမရှိကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟုလည်း ပြောရေးဆိုခွင့်ရှိသူ ရာမင်မေမန်ပရတ်က ပြောကြားသည်။

ပြင်သစ်ပြည်သူတို့၏ မကျေနပ်ချက်များမှာ အရှေ့အလယ်ပိုင်း ဖြစ်ပေါ်တိုးတက်မှုများအပေါ် ပြင်သစ်အစိုးရ၏ ရှုမြင်ချဉ်းကပ်မှုများကြောင့် ဖြစ်ကောင်းဖြစ်မည်ဟုလည်း ၄င်းက ပြောကြားသည်။ **(အင်တာနက်)**

၂၀၁၂ ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးတိုးတက်မှု အနှစ် ၂၀ အတွင်း အနိမ့်ဆုံးကျဆင်းမည်ဟု ခန့်မှန်း

နယူးယောက် မေ ၈

ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုမှာ နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ယေဘုယျနှုန်းထက် ကျဆင်းလိမ့်မည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) က ခန့်မှန်းထားသည်။

ကမ္ဘာလုံးဆိုင်ရာ ပို့ကုန်တိုးတက်မှုမှာ ၂၀၁၀ ခုနှစ်တွင် ၁၄ ရာခိုင်နှုန်းနီးပါးရှိရာမှ ၂၀၁၁ ခုနှစ်တွင် ၅ ရာခိုင်နှုန်းရှိပြီး ၂၀၁၂ ခုနှစ်တွင် ၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းမည်ဖြစ်ကြောင်း ဒဗလျူတီအိုက မေ ၈ ရက်တွင် ကြေညာသည်။

ကမ္ဘာ့စီးပွားရေးမှာ ပြီးခဲ့သည့်နှစ် စက်တင်ဘာလက ၅ ဒသမ ၈ ရာခိုင်နှုန်း ခန့်မှန်းရာမှ ဖွံ့ဖြိုးမှုကျဆင်းလာသည့်အတွက် ၂၀၁၁ ခုနှစ်တွင် တိုးတက်မှုအရှိန်အဟုန်ပျက်သွားကြောင်း ဒဗလျူတီအိုက ကြေညာခဲ့သည်။ **(အင်တာနက်)**

အိုလံပစ်သစ်သားရွက်လှေ စတင်ရေချ

လန်ဒန် မေ ၈

ကမ္ဘာကျော်ဂီတာသမား ဂျင်မီဟန်းဒရစ်ကိုင်တွယ်တီးခတ်ခဲ့သော ဂီတာအစိတ်အပိုင်းများအပါအဝင် သစ်သားအပိုင်းအစ ၁၂၀၀ ဖြင့် တည်ဆောက်ထားသော အိုလံပစ်သစ်သားရွက်လှေကို မေ ၇ ရက်က စတင်ရေချသည့်အချိန်တွင် လာရောက်ကြည့်ရှုသူ ၁၀၀၀ ကျော်ရှိခဲ့ကြောင်း မေ ၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

Collective Spirit ဟု အမည်ပေးထားသည့် ပေ ၃၀ ရှိ ၄င်းရွက်လှေကို ဗြိတိန်နိုင်ငံ ဟမ်းရှိုင်းယားပြည်နယ် အမ်စဝက်ချ်ဆိပ်ကမ်းတွင် စတင်ရေချခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

တည်ဆောက်

Lone Twin ဟု ပူးတွဲအမည်ပေးထားသည့် ဂါရီဝင်းတားနှင့် ဂရေ့ချ်ဝေလန်အနုပညာရှင်နှစ်ဦးတို့သည် သစ်သားအိုလံပစ်ရွက်လှေတည်ဆောက်ရေးကို စိတ်ကူးရကာ ဒေသတွင်း ရပ်ကွက်နေရာ ၂၀ တွင် သစ်သားအပိုင်းအစများ လိုက်လံအလှူခံ၍ ယခု Collective Spirit ရွက်လှေကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အိုလံပစ်ပွဲတော်အကြိုကာလ ဇူလိုင်လအတွင်း၌ အင်္ဂလန်နိုင်ငံတောင်ဘက်ကမ်းခြေတစ်လျှောက်တွင် ရွက်လွှင့်မည်ဖြစ်ပြီး ဩဂုတ်လပွဲတော်ကာလ၌ ရွက်လှေပြိုင်ပွဲများကျင်းပရာ ဝိုင်မောက်စ်၊ ပေါ့တလန်နှင့် ဒေါ်ဆယ်မြို့များသို့ ရောက်ရှိမည်ဖြစ်သည်။

အိုလံပစ်သစ်သားရွက်လှေစတင်ရေချစမ်းသပ်ရာသို့ တည်ဆောက်ရာတွင် သစ်သားအပိုင်းအစများ ပေးလှူခဲ့ကြသူများအား Lone Twin အနုပညာရှင်နှစ်ဦးတို့က ဖိတ်ကြားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၈-၅-၂၀၁၂

တင်မောင်လွှင် – စုစည်းသည်

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံးသင်္ဘော ကမ္ဘာတစ်ပတ်ခရီးစဉ် ပြီးမြောက်အောင်မြင်

အမ်အက်စ်တူရန်နာပလဲနက်ဆိုလာ **(MS Turanor Planet Solor)** အမည်ရှိ ကမ္ဘာ့အကြီးဆုံးနေစွမ်းအင်သုံးသင်္ဘော (အောက်ပုံ) သည် မယုံကြည်နိုင်လောက်သည့် ကမ္ဘာတစ်ပတ်ခရီးစဉ်ကို မေ ၄ ရက်က အောင်မြင်ပြီးမြောက်ခဲ့ကြောင်း၊ အဆိုပါခရီးစဉ်မှ သင်္ဘောနှင့်သင်္ဘောသားများသည် ကမ္ဘာ့စံချိန်ငါးခုကို ထိုက်ထိုက်တန်တန်ရရှိခဲ့ကြောင်း မေ ၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

နေစွမ်းအင်အသစ်လဲလှယ်မှုဖြည့်တင်းရေး အဖွဲ့တစ်ဖွဲ့နှင့်အတူ ၂၀၁၀ ခုနှစ် စက်တင်ဘာလက ယင်းခရီးစဉ်ကို စတင်ခဲ့သည့် အဆိုပါနေစွမ်းအင်သုံးသင်္ဘောသည် မေ ၄ ရက် မွန်းလွဲပိုင်းက ပြင်သစ်နိုင်ငံ မိုနာကိုမြို့ ဟာကျူလီဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ခြင်းဖြင့် ၄င်း၏ ထူးခြားပြောင်မြောက်သည့်ခရီးစဉ်ကို အဆုံးသတ်ခဲ့ပြီး ရေကြောင်းခရီးဖြင့် ကမ္ဘာတစ်ပတ် ပတ်ခဲ့သည့် ပထမဆုံး နေစွမ်းအင်သုံးသင်္ဘောဖြစ်လာသည်။ ထို့အပြင် နေစွမ်းအင်ဖြင့် အရှည်ဆုံးခရီးစဉ်မောင်းနှင်မှုစံချိန်သစ်တင်ခြင်း၊ နေစွမ်းအင်ဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကို အမြန်ဆုံးဖြတ်သန်းခြင်းနှင့် နေစွမ်းအင်ဖြင့် တောင်တရုတ်ပင်လယ်ကို အမြန်ဆုံးဖြတ်သန်းခြင်းစသည့် ကမ္ဘာ့စံချိန်တင် ဂင်းနက်စ်မှတ်တမ်းများလည်း ရရှိခဲ့သည်။ အဆိုပါသင်္ဘောသည် ၃၁ မီတာရှည်လျားပြီး ၅၃၇ စတုရန်းမီတာရှိ အနက်ရောင်ဆိုလာပြားများကို ရေယာဉ်မျှူးအခန်းဝန်းကျင်တွင် ခင်းကျင်းစီစဉ်ထားပြီး ယင်း၏ ၁၉ လတာ စွန့်စားမှုခရီးစဉ်အတွင်း သမုဒ္ဒရာနှင့် တိုက်ကြီးများအားလုံးကို ဖြတ်သန်းရင်း ကီလိုမီတာ ၆၀၀၀၀ ကျော်ကို နေစွမ်းအင်တစ်ခုတည်းဖြင့်သာ ရွက်လွှင့်ခဲ့သည်။

ဟွန်ဒူးရပ်စ်နိုင်ငံ၌ ကိုကင်းများ သိမ်းဆည်းရမိ

ဟွန်ဒူးရပ်စ်ရဲတပ်ဖွဲ့ဝင်များနှင့် အစိုးရတပ်ဖွဲ့ဝင်များသည် မေ ၇ ရက်က နိုင်ငံအတွင်းရှိ ထူထပ်သော တောအုပ်တစ်ခုအတွင်းမှ ကိုးကင်း ၄၀၀ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ သို့သော်လည်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများသည် ၄င်းတို့ စီစဉ်ထားသည့် လေယာဉ်ဖြင့် ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း ပြည်သူလုံခြုံရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အစိုးရတပ်ဖွဲ့ဝင်များနှင့်ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး ဟွန်ဒူးရပ်စ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ စစ်ဆင်ရေးများဆောင်ရွက်စဉ် အထုပ်ကြီး ၁၅ ထုပ်ဖြင့် ထုတ်ထားသည့် အဆိုပါကိုကင်းများကို လေယာဉ်ငယ်တစ်စင်းပေါ်မှချနေစဉ် ဖမ်းယူသိမ်းဆည်းခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြပွဲ အီရန်နိုင်ငံ တီဟီရန်မြို့၌ ခင်းကျင်းပြသ

တီဟီရန် မေ ၈

အီရန်နိုင်ငံ တီဟီရန်မြို့တော်၌ မေ ၈ ရက်မှ ၁၁ ရက်အထိ အရှေ့အလယ်ပိုင်းနိုင်ငံတွင် အကြီးဆုံး ဘဏ္ဍာရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီဖြစ်ကြောင်း အီရန်အရာရှိတစ်ဦးက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။ **(ဝဲပုံ)**

ထုတ်ပြန်

ခြောက်ကြိမ်မြောက် အဆိုပါပြပွဲသို့ ပြည်တွင်းပြည်ပ ကုမ္ပဏီ ၂၅၀ ကျော်တို့က ၄င်းတို့၏ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းများကို ထည့်သွင်းပြသထားမည်ဟုလည်း အိုင်အာရ်အင်န်အေသတင်းဌာနက ထုတ်ပြန်သည်။

ကျင်းပမည်

တီဟီရန်မြို့တွင် ပြပွဲခင်းကျင်းပြသစဉ်အတွင်း စတုတ္ထအကြိမ်မြောက် အစ္စလမ်မစ်ရင်းနှီးမြှုပ်နှံမှုဈေးကွက်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကိုလည်း ကျင်းပပေးမည်ဖြစ်ကြောင်း အဆိုပါအီရန်အရာရှိက ပြောကြားသည်။ **(အင်တာနက်)**

မက္ကဆီကိုနယ်စပ်မြို့၌ သတ်ဖြတ်မှုများဖြစ်ပွား သေဆုံးသူ ၄၃ ဦးတွေ့ရှိ

မက္ကဆီကိုစီးတီး မေ ၈

အမေရိကန်နယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းချင်း ပဋိပက္ခဖြစ်လျက်ရှိသည့် မက္ကဆီကိုနိုင်ငံ အရှေ့မြောက်ပိုင်းရှိ တံတားတစ်ခု၌ ကြိုးပေးသတ်ဖြတ်ခံရသူနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခုတ်ထစ်သတ်ဖြတ်မှုတို့ဖြင့် သေဆုံးသူ ၄၃ ဦးတို့၏ အလောင်းများကို တွေ့ရှိရသည်ဟုဆို၏။

ညဦးပန်းနိုပ်စက်ခံရသည့် လက္ခဏာများနှင့်အတူ တံတားတစ်ခုပေါ်၌ လည်ပင်းကြိုးကွင်းစွပ် သတ်ဖြတ်ခံရသူကိုးဦးတို့၏ ရုပ်အလောင်းများကို တွေ့ရှိပြီး နာရီပိုင်းအတွင်းမှာပင် ဒူမိုလာရီဒိုမြို့အတွင်းမှ မော်တော်ယာဉ်တစ်စီးတွင် တုံးတစ်ခုတ်ဖြတ်သတ်ထားသည့် လူသေအလောင်း ၁၄ လောင်းကို ရဲတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့သည်။

ထိုသို့ ခုတ်ဖြတ်တုံးတစ်ထားသည့် ရုပ်အလောင်းများမှ ဦးခေါင်းများကို ရေခဲထည့်ထားသည့် သေတ္တာများအတွင်းမှ ရဲတပ်ဖွဲ့ဝင်များက တွေ့ရသည်ဟု ဆို၏။ **(အင်တာနက်)**

အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ

ကဘူးလ် မေ ၈

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် အကြမ်းဖက်သမားတို့၏ လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် နိုင်ငံတကာလုံခြုံမှုအကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) မှ တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အဆိုပါနိုင်ငံခြားတပ်ဖွဲ့ဝင်သုံးဦးသေဆုံးသွားခြင်းဖြစ်သည်ဟု အိုင်အက်စ်အေအက်ဖ်က မေ ၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။ **(ယာပုံ)**

ပြောကြားခြင်းမရှိ

အိုင်အက်စ်အေအက်ဖ်က အခင်းဖြစ်နေရာအတိအကျကို မကြေညာသည့်အပြင် သေဆုံးသူတပ်ဖွဲ့ဝင်သုံးဦးမှာ မည်သည့်နိုင်ငံသားများဖြစ်သည်ကိုလည်း လောလောဆယ် ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းမှတ်စု

နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

ပြင်သစ်သမ္မတရွေးကောက်ပွဲ ဆိုရှယ်လစ်ဝါဒီအောင်ပွဲခံ

တိုး - ရေးသားသည်

အနိုင်အရှုံးအဆုံးအဖြတ်ပေးသည့် ပြင်သစ်ရွေးကောက်ပွဲမှာ ၂၀၁၂ခုနှစ် မေလ ၆ ရက် (တနင်္ဂနွေနေ့)က ပြီးဆုံးသွားပြီဖြစ်သည်။ သမ္မတရွေးကောက်ပွဲတွင် ပြည်သူထောက်ခံမဲ ၅၂ ရာခိုင်နှုန်းရသည့် ဆိုရှယ်လစ်ခေါင်းဆောင် ဖရန့်ကွိုက်စ်ဟော်လန်ဒီက လက်ရှိသမ္မတ ဆာကိုဇီကို အနိုင်ယူကာ အောင်ပွဲခံလိုက်ခြင်းဖြစ်သည်။

မေလ ၆ ရက် သမ္မတရွေးကောက်ပွဲမှာ သူတို့နှစ်ဦး ယှဉ်ပြိုင်ရသည့် ဒုတိယသုတ်ရွေးကောက်ပွဲဖြစ်ပြီး ပထမအကြိမ် သမ္မတရွေးကောက်ပွဲမှာ ၂၀၁၂ခုနှစ် ဧပြီ ၂၂ရက်(တနင်္ဂနွေနေ့)က ကျင်းပခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ် ရွေးကောက်ပွဲ ကျင်းပစဉ်က သူတို့နှစ်ဦးအပြင် လက်ျာစွန်းမှ မာရင်းလက်ပီနှင့် လက်ဝဲစွန်းဝါဒီ ဂျင်းလပ်မယ်လင်ချိုတို့လည်း ဝင်ရောက်ခဲ့သည်။ မာရင်းလက်ပီက ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာတွင် တစ်ကမ္ဘာလုံးဆိုင်ရာ စုစည်းလှုပ်ရှားမှုဖြစ်စဉ်ကြောင့် လူ့မလိုလက်တစ်ဆုပ်စာသာ ချမ်းသာကြွယ်ဝပြီး၊ သာမာန်ပြည်သူလူထုကြီးမှာ အလုပ်လက်မဲ့ ဘဝသို့ ကျရောက်ကုန်ကြောင်း ကန့်ကွက်ဝေဖန်ခဲ့သည်။ လက်ဝဲစွန်းဝါဒီသမ္မတလောင်း မယ်လင်ချိုကလည်း တစ်နှစ်ဝင်ငွေပေါင်စတာလင် ၃၀၀၀၀၀ ကျော်သည့်ငွေကို သိမ်းယူမည်ဟု ပြောကြားခဲ့သည်။

ပြင်သစ်သမ္မတ ရွေးကောက်ပွဲတွင် ဘယ်သူနိုင်နိုင်၊ နိုင်သူ သမ္မတအနေဖြင့် အသုံးစရိတ်လျှော့ချရေးကို မဖြစ်မနေလုပ်ရမည်သာ ဖြစ်သည်။ အစိုးရအသုံးစရိတ်မှာ ဂျီဒီပီ၏ ၅၆ ရာခိုင်နှုန်းရှိနေသည့်အတွက် ဥရောပတွင် ပြင်သစ်က အမြင့်ဆုံး ဖြစ်နေသည်မဟုတ်ပါလား။

လွှဲပြောင်းပေးအပ်

လက်ရှိသမ္မတနီကိုလပ်ဆာကိုဇီသည် လက်ျာဗဟိုဝါဒီဖြစ်သည်။ ရွေးကောက်ပွဲ၌ အရေးမလှသဖြင့် ပြင်သစ်နိုင်ငံ၌ ၁၉၈၁ ခုနှစ်နောက်ပိုင်းတွင် ဒုတိယသက်တမ်း ဆက်လက်ထမ်းဆောင်ခွင့်မရသည့် ပထမဆုံးပြင်သစ်သမ္မတဖြစ်လာသည်။ သမ္မတဆာကိုဇီသည် အနိုင်ရသူ ဖရန့်ကွိုက်စ်ဟော်လန်ဒီကို မေ ၁၅ ရက် တွင် အာဏာလွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

သမ္မတဆာကိုဇီနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲတို့နှစ်ဦး ရပ်တည်ကာကွယ်ပေးသည့် ဘတ်ဂျက်စည်းကမ်းဆိုင်ရာ ဥရောပစာချုပ်နှင့် ပတ်သက်၍ ပြန်လည်စေ့စပ်ဆွေးနွေးရန် ဖရန့်ကွိုက်စ်ဟော်လန်က တောင်းဆိုထားသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ရွေးကောက်ပွဲအနိုင်ရသူ ဖရန့်ကွိုက်စ်ဟော်လန်ဒီထံ ဂျာမနီ ဝန်ကြီးချုပ် မာကဲက ရွေးကောက်ပွဲအောင်ပွဲခံရမှုအတွက် ဝမ်းမြောက်ကြိုဆိုကြောင်း တယ်လီဖုန်းဆက်သွယ်ပြောကြားလိုက်ပြီး ဘာလင်သို့ဖိတ်ခေါ်လိုက်သည်။ အလားတူ ဗြိတိန် ဝန်ကြီးချုပ် ဒေးဗစ်ကင်းမရွန်းကလည်း မစ္စတာဟော်လန်ဒီကို ကြိုဆိုနှုတ်ခွန်းဆက်သည်။

မစ္စတာဟော်လန်ဒီကို ထောက်ခံသူများက လက်ဝဲဝါဒီများ စုရုံးအောင်ပွဲခံနေကျ ဖြစ်သည့် ပါရီမြို့မှ ဘတ်စတီးအရပ်သို့ ရောက်ရှိလာကြသည်။ မစ္စတာဟော်လန်ဒီသည် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက ဖရန်စွာမီးတရောင်းနောက်ပိုင်း ပြင်သစ်သမ္မတရာထူးကို ရယူနိုင်သည့် ပထမဆုံး ဆိုရှယ်လစ်ဝါဒီဖြစ်သည်။ သူသည် ပြင်သစ်နိုင်ငံ၏ စီးပွားရေးဒုက္ခသုက္ခနှင့် သမ္မတ ဆာကိုဇီ၏ လူကြိုက်နည်းမှုတို့ကို အခွင့်ကောင်းယူကာ ယခုလို သမ္မတရွေးကောက်ပွဲတွင် အောင်ပွဲခံအနိုင်ရလိုက်ခြင်းဖြစ်သည်ဟု အများက ဆိုကြသည်။

၂၀၁၂ခုနှစ် မေလ ၆ ရက် ပြင်သစ်သမ္မတ ရွေးကောက်ပွဲတွင် ပြည်သူ့ထောက်ခံမဲ ၅၂ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည့် ဆိုရှယ်လစ်ခေါင်းဆောင် ဖရန့်ကွိုက်စ်ဟော်လန်ဒီ အောင်ပွဲခံယူစဉ်။

ရွေးကောက်ပွဲ မဲဆွယ်စဉ်က အနိမ့်ဆုံးလစာများကို တိုးပေးမည်၊ ကျောင်းဆရာ ၆၀၀၀၀ ကို ငှားရမ်းမည်၊ အချို့အလုပ်သမားများ၏ ပင်စင်ယူရမည့် သက်တမ်းကို ၆၂ နှစ်မှ ၆၀ နှစ်သို့ လျှော့ချမည်ဟု မစ္စတာဟော်လန်က ပြောခဲ့သည်။

ရွေးကောက်ပွဲအနိုင်အရှုံးစာရင်းပေါ်ပြီးနောက် သမ္မတဆာကိုဇီက ၎င်းအား ထောက်ခံသူများနှင့်တွေ့ဆုံပြောကြားရာ၌ "မစ္စတာဟော်လန်ဒီသည် ပြင်သစ်နိုင်ငံ၏ သမ္မတဖြစ်ကြောင်း၊ သူ့ကို လေးစားရမည်ဖြစ်ကြောင်း၊ ယခုလို ရှုံးနိမ့်ရမှုအတွက် မိမိတွင် တာဝန်ရှိကြောင်း ပြောကြားသည်။ ထို့ပြင် "မစ္စတာ ကံကောင်းပါစေ"ဟု ဆုမွန်ကောင်းတောင်းလိုက်သည်။

သမ္မတ ဆာကိုဇီသည် ရွေးကောက်ပွဲမဲဆွယ် ဟောပြောစဉ်ကပင် ရွေးကောက်ပွဲ၌ အကယ်၍ ရှုံးနိမ့်သွားလျှင် နိုင်ငံရေးမှ အနားယူမည်ဖြစ်ကြောင်း ပြောကြားပြီး ဖြစ်သည်။ ယူရိုဇုန် ကြွေးမြီးအကျပ်အတည်းကြောင့် ပေါ်ပေါက်လာရသည့် ခြိုးခြံချွေတာရေး အစီအစဉ်များကို မဲဆန္ဒရှင်ပြည်သူတို့က ဒေါသထွက်နေစဉ် ဆာကိုဇီသည် ရာထူးမှဖယ်ပေးလိုက်ရသည့် နောက်ဆုံးဥရောပခေါင်းဆောင်ဖြစ်သည်။

ပြောကြား

မစ္စတာဟော်လန်ဒီက မိမိဖြစ်စေလိုသည့် အရာမှာ-ဘဏ္ဍာရေးကို ချုပ်ကိုင်ထားရန် မိမိတို့လည်း အစွမ်းရှိကြောင်း ပြင်သစ်နိုင်ငံကိုသာမက ဥရောပတစ်တိုက်လုံးကို ပြသလိုခြင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အီးယူ၏ ဘဏ္ဍာရေးကြိုးပမ်းမှုများကို ခြိုးခြံချွေတာရေးထက် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမို အာရုံစိုက်မည်ဟူသော ပေးထားသည့်ကတိအတိုင်း ဆက်လုပ်မည်ဖြစ်ကြောင်း မစ္စတာဟော်လန်ဒီက ပြောကြားခဲ့သည်။ တကယ်တော့ မစ္စတာဟော်လန်ဒီလို သိသိသာသာ အတွေ့အကြုံမရှိသည့် ဆိုရှယ်လစ် တစ်ယောက်အနေဖြင့် ခက်ခဲသည့် လမ်းကိုဖြတ်ကာ အယ်လစီပြင်သစ်သမ္မတနန်းတော်သို့ ပို့ပေးသည့်အကြောင်းချင်းရာများနှင့် အံ့သြဖွယ်ဖြစ်စဉ်ကို တွေ့နိုင်သည်။

ပထမဆုံးဆိုရှယ်လစ်ပါတီ၏ သမ္မတလောင်းဖြစ်လာမည့် အိုင်အမ်အက်ဖ်အကြီးအကဲဒိုမီနစ်စထရော့ခန် အမေရိကန်၌ လက်ရောက်ကျူးကျော်မှုဖြစ်သဖြင့် သူ့ကိုအစားထိုးလိုက်၍ ဆိုရှယ်လစ်သမ္မတလောင်း ဖြစ်လာရသည်။ ဤသည်မှာ ဆိုရှယ်လစ်ပါတီအနေဖြင့် အစဉ်အလာကို ဘေးဖယ်ကာ ညီညွတ်ရေးကိုပြသရန် လိုအပ်လာမှုကြောင့် ဖြစ်သည်။ ရွေးကောက်ပွဲ မဲဆွယ်ရာတွင် ပုဂ္ဂိုလ်ရေးလူကြိုက်နည်းမှု အကျော်ဇေယျဖြစ်သူနှင့် ယှဉ်ပြိုင်ရခြင်းမှာ သူ့အတွက် အားသာချက်ဖြစ်သည်။

တွင်ကျယ်လာ

မဲဆွယ်စဉ် ဥရောပ၌သဘာဝယုတ္တိနှင့်မညီသည့် ကိစ္စဖြစ်ပေါ်လာရသည်။ ယင်းမှာအခြားမဟုတ် ဆာကိုဇီ-မာကဲတို့၏ သဘောတူညီချက်နှင့် ယူရိုအကျပ်အတည်းကို တွန်းလှန်ရာ၌ သူတို့နှစ်ဦး၏ လက်တွဲကြိုးပမ်းမှုတို့ကို ကမ္ဘာကဝိုင်းဝန်းလက်ခုပ်သြဘာပေးနေမှု ရုတ်တရက်ရပ်သွားခြင်းဖြစ်သည်။ ခြိုးခြံချွေတာရေးနှင့် ဘတ်ဂျက်စည်းကမ်းဟူသော စကားရပ်များမေးမှိန်လာပြီး သူတို့အစားဖွံ့ဖြိုးတိုးတက်ရေးဟူသော စကားရပ်က တွင်ကျယ်လာသည်။

ကိုက်ညီနေ

သမ္မတဆာကိုဇီကို ဆန့်ကျင်ရာ၌ သူသည်စံပြုလောက်သည့်အတွက် ပြည်သူတို့၏ လိုလားချက်၊ ခေတ်၏အထာနှင့် ကိုက်ညီနေပြန်သည်။ ပြင်သစ်သမ္မတဟောင်းများသည် ဖရန်စွာ မီးတရောင်းနှင့် ဂျက်ရှီရက်တို့လို စစ်သည်ရဲမက်များဖြစ်လျှင်ဖြစ် သို့မဟုတ် နီကိုလပ် ဆာကိုဇီ၊ ဗလာရီဂစ် စကပ်ဒက်စတိုင်းတို့လို စိတ်မြန်လက်မြန် လုပ်တတ်သူများဖြစ်ကြသည်။

လက်ရှိအချိန်တွင် အလုပ်လက်မဲ့နှုန်းက ၁၀ ရာခိုင်နှုန်းကျော်ရှိသည်။ ယခုနှစ်တွင် အစိုးရအသုံးစရိတ်က ဂျီဒီပီ၏ ၅၆ ရာခိုင်နှုန်းရှိပြီး ကြွေးမြီက ဂျီဒီပီ၏ ၉၀ ရာခိုင်နှုန်းအထိ ခေါင်ခိုက်နေရာ ပြဿနာပေါင်း သောင်းခြောက်ထောင် ကိုင်တွယ်ရဦးမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယင်းပြဿနာများကို သမ္မတဟော်လန်ဒီအနေဖြင့် ကျော်လွှားမည့်ကံဇာတာရှိမည်ဟု မျှော်လင့်ရပါကြောင်း။ ။ **(ကိုးကား-အင်တာနက်)**

နိုင်ငံတကာသတင်းမြင်ကွင်း

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင် - ရေးသားသည်

အကြီးဆုံးဆင်စွယ်ပန်းပုအနုလက်ရာ ဗြိတိန်တွင်လေလံတင်မည်

လန်ဒန် မေ ၈

ယနေ့ခေတ်တွင် သားငှက်တိရစ္ဆာန်များနှင့် ပတ်သက်ပြီး ရက်စက်ကြမ်းကြုတ်မှုမြောက်သည်ဟူသည့်အပေါ် အမြင်များ အမျိုးမျိုးရှိနေသော်လည်း ရှေးရာစုနှစ်များစွာကမူ အနုစိတ်ပန်းပုအနုပညာဖြင့် ထုဆစ်ပုံထွင်းထားသော အနုပညာလက်ရာ ဆင်စွယ်တစ်စုံပိုင်ဆိုင်ခြင်းသည် ဂုဏ်ကျက်သရေတင့်တယ်စေသည့် အမှတ်အသား ဖြစ်ခဲ့သည်။

ထိုသို့သော အနုစိတ် ပန်းပုလက်ရာထုဆစ်ထားသည်။ အကြီးဆုံးဆင်စွယ် နှစ်ခုသည် လေလံခေါ်ဈေး ပေါင် ၂၅၀၀၀၀ဖြင့် လေလံဈေးကွက်သို့ရောက်ရှိလာတော့မည် ဖြစ်သည်။

လေလံဈေးကွက်တင်မည့် အနုလက်ရာ ဆင်စွယ်နှစ်ခုမှာ တရုတ်ဆင်စွယ်များဖြစ်သည်။

ပိုင်ဆိုင်သူ ဥရောပရှိသူဌေးတစ်ဦးသည် ရှေးဟောင်းအနုပညာလက်ရာဆင်စွယ်များကို နှစ်ပေါင်း ၆၀ ကြာ တယုတယ ထိန်းသိမ်းထားခဲ့ရာမှယခုအချိန်ကျမှ ဗြိတိန်လေလံရုံးတစ်ရုံးတွင် လေလံတင်ရန် ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ယဉ်ကျေးမှုအနုပညာပစ္စည်းဖြစ်ပြီး တရုတ်နိုင်ငံတွင် ၁၇ ရာစုနှင့် ၁၉ ရာစုကြားတွင် ကျွမ်းကျင်ပညာရှင်တစ်ဦး ရုပ်လုံးထွင်းပုံဖော်ထားသည့် မျိုးသုဉ်းအမွေးရှည်ဆင်ကြီး မျိုးမှရရှိသည့် အရှည်ခြောက်ပေကျော်ရှိသော

ဆင်စွယ်များ လေလံတင်ရောင်းချမှုတွင် ယခုဆင်စွယ်လောက် ကြီးမားသည့် ဆင်စွယ်မျိုး တစ်ခါမျှ မတွေ့ဖူးကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ ဆင်စွယ်တွင် ထုဆစ်ထားသောအနုလက်ရာများမှာ တရုတ်ဒဏ္ဍာရီလာအဖြစ်အပျက်များကို ပုံဖော်ထားခြင်းဖြစ်ပြီး အဆောက်အအုံများ၊ ကျေးငှက်သာရကာ၊ သစ်ပင်ပန်းမန်၊ တိရစ္ဆာန်များစသည့် ရှုမျှော်ခင်းအဖုံဖုံကို ထွင်းထုထားသည်။

ထို့အပြင် လှုပ်ရှားသက်ဝင်နေသည့် လူများ၏ အပြုအမူအမျိုးမျိုးကိုလည်း ပုံဖော်ထားသည်။ စစ်တုရင်ကစားနေသောလူများ၊ စာပုရပိုက်ဖတ်လျက်ရှိသူများနှင့် တူရိယာတီးမှုတ်ဖျော်ဖြေနေပုံများကို သရုပ်ဖော်ထားသော ပန်းပုအနုလက်ရာဆင်စွယ်များဖြစ်သည်။

(အင်တာနက်)

၂၀၃၀ ခုနှစ်မတိုင်မီ အမေရိကန်တွင် အဝလွန်သူဦးရေ ၄၂ ရာခိုင်နှုန်းရှိလာမည်

နယူးယောက် မေ ၈

၂၀၃၀ ခုနှစ်မတိုင်မီ အမေရိကန်နိုင်ငံ လူဦးရေ၏ ၄၂ ရာခိုင်နှုန်းသည် အဝလွန်သူများဖြစ်လာမည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်ရေးဗဟိုဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါဌာန၏ ထုတ်ပြန်ချက်ကို မေ ၇ရက်ထုတ် ဆေးပညာဂျာနယ်တစ်စောင်တွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ သာမန်အချိုးအစားထက် နှစ်ဆခန့်ရှိသူ ကိုယ်အလေးချိန် ၄၅ ဒသမ ၄ ကီလိုဂရမ်ကျော်မည့် အလွန်အကျွံအဝလွန်သူဦးရေမှာလည်း ၁၁ ရာခိုင်နှုန်းအထိရှိလာမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လာမည့်ဆယ်စုနှစ် နှစ်ခုအတွင်း တိုးပွားလျက်ရှိသည့် အဝလွန်သူဦးရေနှုန်းထားအတွက် ကျန်းမာရေးစောင့်ရှောက်မှုကုန်ကျစရိတ်မှာ အလွန်ကြီးမြင့်သည့် ပမာဏရှိမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၅၅၀ အထိကုန်ကျလိမ့်မည်ဖြစ်ကြောင်း ယင်းဌာနကခန့်မှန်းထားသည်။ အဆီပိုအဝလွန်မှုသည် ဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် အခြားရောဂါများဖြစ်ပွားမှုအန္တရာယ် မြင့်မားကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ လုံခြုံရေးတပ်ဖွဲ့ထိုးစစ်ဆင် တာလီဘန်လက်နက်ကိုင် ၂၂ဦးအား သုတ်သင်ချေမှုန်း

ကဘူးလ် မေ ၈

အာဖဂန်နစ္စတန်စစ်သားများနှင့် နေတိုးဦးဆောင်သော မဟာမိတ်တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန် အရှေ့ပိုင်း ပက်တီကာပြည်နယ်အတွင်း၌ မေ ၇ ရက် ညပိုင်းအချိန်တွင် စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲရာ တာလီဘန်လက်နက်ကိုင် ၂၂ဦးအား သုတ်သင်နိုင်ခဲ့ကြောင်း အာဖဂန်စစ်တပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မေ ၈ ရက်တွင် ပြောကြားသည်။

ပြောကြား

ညွှန့်ပေါင်းတပ်ဖွဲ့ဝင်များ ကျောထောက်နောက်ခံပြုထားသော အာဖဂန်အမျိုးသားတပ်မတော် (ANA) တပ်ဖွဲ့ဝင်များသည် နီကိခရိုင်အတွင်းရှိ တာလီဘန်များပုန်းအောင်းရာ အရပ်အား မေ ၇ ရက်ညက ဝင်ရောက်စီးနင်းခြင်းဖြစ်ပြီး လက်နက်ကိုင် ၂၂ ဦးကို သုတ်သင်လိုက်ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အာဂျမေးဇာဝတ်ခ်က ဆင်ဟွာသို့ ပြောကြားသည်။ စီးနင်းတိုက်ခိုက်မှုမှာ ကဘူးလ်မြို့တော်မှတောင်ဘက် ၁၅၅ ကီလိုမီတာအကွာရှိအရပ်တွင် ဖြစ်ပွားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များဘက်မှ တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း အာဂျမေးက ဆက်လက်ပြောကြားခဲ့သည်။ **(အင်တာနက်)**

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား အိန္ဒိယနိုင်ငံ ကုမ္ပဏီဥက္ကဋ္ဌနှင့် ဗြိတိန်အထက်လွှတ်တော်အမတ် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၈

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား အိန္ဒိယသမ္မတနိုင်ငံ Punj Lloyd ကုမ္ပဏီဥက္ကဋ္ဌ Mr. ATUL PUNJ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသော မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတွင် Punj Lloyd ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသော ကျောက်ဖြူ-ပဒန်းအပိုင်း၏ လုပ်ငန်းများ အချိန်မီပြီးစီးရေးဆောင်ရွက်သွားရန်၊ ကုမ္ပဏီက လုပ်ငန်းဆောင်ရွက်နေသော ဒေသတွင်းရှိ မိမိတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာရန်၊ ဒေသခံများ ပိုင်ဆိုင်သော မြေနှင့်ပစ္စည်းများ၏ ငှားရမ်းခနှင့် လုပ်အားခများကို မှန်မှန်ကန်ကန်နှင့် အပြည့်အဝပေးချေသွားရန်နှင့် အနာဂတ်စွမ်းအင်ကဏ္ဍတွင် Punj Lloyd ကုမ္ပဏီအပါအဝင် အိန္ဒိယကုမ္ပဏီများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ပြန်လည်ဖြေကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Lord Waverley အား လက်ခံတွေ့ဆုံပြီး လွှတ်တော်အမတ်က မေးမြန်းလာသည့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် လက်ခံကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းများ၊ တင်ဒါနည်းစနစ်များ၊ စွမ်းအင်မူဝါဒများနှင့် ဗြိတိန်ကုမ္ပဏီများမှ ဝင်ရောက်ဆောင်ရွက်၍ ရနိုင်မည့် အခွင့်အလမ်းများနှင့် သက်ဆိုင်သော မေးခွန်းများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းနီးပွင့်လင်းစွာ ပြန်လည်ဖြေကြားခဲ့ကြသည်။

တက်ရောက်

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr.Lord Waverley အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အစ္စရေးနိုင်ငံ သံအမတ်ကြီး ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer ဦးဆောင်သောအဖွဲ့သည် မေ ၇ ရက် နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အစ္စရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ကျန်းမာရေးသတင်းစနစ် ပိုမိုခေတ်မီတိုးတက်ရေးပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရေးဆိုင်ရာ လုပ်ငန်းများ၊ ယာဉ်ထိခိုက်မှုအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပြုစုကုသရေးဆိုင်ရာလုပ်ငန်းများ၊ အမျိုးသားသွေးဌာန၏ လုပ်ငန်းများ ပိုမိုခေတ်မီတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့် ဆေးဝါးပစ္စည်းထုတ်လုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဒုက္ကာ ဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၈

ပညာရေးဝန်ကြီးဌာန ပဒုက္ကာ ဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသား ကျောင်းသူများစာရင်းနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်းတက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မဖြူနှင်းသန့်(ဘ) ဦးသန့်ဇင် အ-ထ-က(၄) အလုံ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မဖူးရတနာလွင် (ဘ) ဦးကျော်လွင် အထက(၄) ပြင်ဦးလွင် မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ မပန်းပြည့်ပြည့်ပိုင် (ဘ) ဦးဌေးနိုင် အထက လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်းဒေသကြီးက တတိယ၊ အင်္ဂလိပ်စာဘာသာရပ်တွင် မမွန်ချောလုံ (ဘ) ဦးခင်းလုံ အထက(၃) မြစ်ကြီးနား ကချင်ပြည်နယ်က ပထမ၊ မသင်းထက်အောင် (ဘ) ဦးအောင်ကျော်မြ အထက လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ မောင်ဆွတ်ဆိုင်းအောင် (ဘ) ဦးဆိုင်းခွမ် အထက(၃) မြစ်ကြီးနား ကချင်ပြည်နယ်က တတိယ၊ သင်္ချာဘာသာရပ်တွင် မမြတ်ရွှေရည်ထွန်း (ဘ) ဦးထွန်းထွန်း အထက (၁) ဒဂုံ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မောင်ဟန်ဝင်းထွန်း (ဘ) ဦးထွန်းထွန်းပိုင် အထက(၁) ဒဂုံ ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ မောင်မျိုးမင်းဦး (ဘ) ဦးနေအေး အထက(၉) မော်လမြိုင်မြို့ မွန်ပြည်နယ်က တတိယ၊ ဓာတုဗေဒဘာသာရပ်တွင် မယမင်းအေး (ဘ) ဦးမိုးကျော်သူ အထက သုဝဏ္ဏ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ရူပဗေဒဘာသာရပ်တွင် မောင်ပြည့်ဖြိုး (ဘ) ဦးအောင်ဌေး အထက(၄) အလုံ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဇီဝဗေဒဘာသာရပ်တွင် မမြတ်ရွှေရည်ထွန်း (ဘ) ဦးထွန်းထွန်း အထက(၄) အလုံ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ပထဝီဝင်ဘာသာရပ်တွင် စဇွန်မိုးဦး (ဘ) ဦးဖေဒါ အထက(ခွဲ) တောက်တဲ့ရိုး ကျုံပျော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးက ပထမ၊ သမိုင်းဘာသာရပ်တွင် မဆွေဆွေလှိုင် (ဘ) ဦးဆန်းအောင် အထက(ခွဲ) ဆင်စွယ်ရွာ ထီးလင်းမြို့နယ် မကွေးတိုင်းဒေသကြီးက ပထမ၊ ဘောဂဗေဒဘာသာရပ်တွင် မဝေဝေအောင် (ဘ) ဦးမြင့်လွင် အထက (၁) သဃ်န်းကျွန်း ရန်ကုန်တိုင်းဒေသကြီးက ပထမ အသီးသီးရရှိကြသည်။

ပဒုက္ကာ ဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသည့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်နေကြသူများမှာ မသီတာငြိမ်း (ဘ) ဦးသန်းလွင် မုံရွာတက္ကသိုလ် စစ်ကိုင်းတိုင်းဒေသကြီး၊ မအိအိကျော် (ဘ) ဦးခင်မောင်ထွေး မကွေးတက္ကသိုလ် မကွေးတိုင်းဒေသကြီး၊ မဆုဇင်ဇင်စိုး (ဘ) ဦးမောင်မောင်လေး ပုသိမ်တက္ကသိုလ် ဧရာဝတီတိုင်းဒေသကြီး၊ မမြသီရိကျော် (ဘ) ဦးကျော်ကျော် ရတနာပုံတက္ကသိုလ် မန္တလေးတိုင်းဒေသကြီးတို့ ဖြစ်ကြသည်။

ဆုချီးမြှင့်ပွဲကို ၂၀၁၂ ခုနှစ် မေ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Chartrium Hotel ၌ ပဒုက္ကာ ဦးအုံးဖေ တည်ထောင်သော ပဒုက္ကာစာပေဆုချီးမြှင့်ပွဲအခမ်းအနားနှင့် တစ်ပေါင်းတည်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးခွန်ထွန်းဦးပါ (၁၅)ဦးတို့က လျှောက်ထားသည့် **ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်** ပါတီတည်ထောင်ခွင့် လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၂ ခုနှစ် မေ ၈ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

မိုးညှင်း မေ ၈

မိုးညှင်းဂေါက်ကွင်း၌ ဒေါက်တာဝင်းဦးသည် မေ ၆ ရက်တွင် ကစားဖော်များဖြစ်ကြသော ဦးတင်မောင်စိုး၊ ဦးစိုင်းစံဝင်း၊ ဦးထင်အောင်ဇော်၊ ဦးဇော်လျှန်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၆)ကို ၁၃၅ ကိုက်အကွာမှ SRIXON SOFT FEEL NO.16 m လုံးကို Wilson X 31 Iron(8) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲများ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

ရန်ကုန် မေ ၈

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၂ ခုနှစ် နွေရာသီဖိတ်ခေါ် 3on3 အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲများကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသား၊ အမျိုးသမီးအလွတ်တန်းဗိုလ်လုပွဲများ ယှဉ်ပြိုင်ကစားကြပြီး မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် အမှုဆောင် ဒေါ်ခင်အုန်းမြင့်က အသက် ၁၆ နှစ်အောက် အမျိုးသမီးပြိုင်ပွဲ၌ ပထမ ဆိပ်ဖူးတောင်(က)အသင်း၊ ဒုတိယ DBE (3) အသင်းနှင့် တတိယ ဆိပ်ဖူးတောင်(ခ) အသင်းတို့ကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးချကီယိုးက အသက် ၁၆ နှစ်အောက် အမျိုးသားပြိုင်ပွဲ၌ ပထမ The Gradurates အသင်း၊ ဒုတိယ (4)Zero အသင်းနှင့် တတိယ Heavy Impart အသင်းတို့အားလည်းကောင်း ဆုငွေများ ချီးမြှင့်သည်။ အသက် ၁၆ နှစ်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ တွင် ပထမ ငွေကျပ်တစ်သိန်း၊ ဒုတိယ ငွေကျပ်ရှစ်သောင်းနှင့် တတိယ ငွေကျပ်ငါးသောင်း ချီးမြှင့်ခဲ့သည်။ အမျိုးသား၊ အမျိုးသမီး အလွတ်တန်းပြိုင်ပွဲ၌ ဆုကြေးငွေများအဖြစ် ပထမ ငွေကျပ်နှစ်သိန်း၊ ဒုတိယ ငွေကျပ်တစ်သိန်းငါးသောင်းနှင့် တတိယ ငွေကျပ်တစ်သိန်းချီးမြှင့်ရာ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် ပထမ မြရတနာ Jade အသင်း၊ ဒုတိယ Precious အသင်းနှင့် တတိယ ဆိပ်ဖူးတောင်(က) အသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် အမှုဆောင် ဦးအောင်မြင့်က အမျိုးသားအလွတ်တန်းပြိုင်ပွဲ၌ ပထမရရှိသော သံလွင်(ခ)အသင်း၊ ဒုတိယ KKS အသင်းနှင့် တတိယ Shadow အသင်းတို့အား ဆုကြေးငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက အသက် ၁၆ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဒိုင်းဆုရ ဆိပ်ဖူးတောင်(က) အမျိုးသမီးအသင်းနှင့် The Graduates အမျိုးသားအသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ရွှေသံလွင်ကုမ္ပဏီနာယကကြီး ဒေါ်နီက အမျိုးသား၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဒိုင်းဆုရ မြရတနာ Jade အမျိုးသမီးအသင်းနှင့် သံလွင်(ခ) အမျိုးသားအသင်း **(အပေါ်ပုံ)** တို့အားလည်းကောင်း တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

၂၀၁၁ ခုနှစ်အတွက် ပဒုက္ကာဦးအုံးဖေ တည်ထောင်သော ပဒုက္ကာစာပေဆုများ ထုတ်ပြန်ကြေညာ

"တစ်သက်တာ စာပေဆု"ကို စာရေးဆရာကြီး တက္ကသိုလ်မောင်မောင်ခင် ရရှိ

ရန်ကုန် မေ ၈

ပဒုက္ကာဦးအုံးဖေ တည်ထောင်သော ပဒုက္ကာစာပေဆုများကို ၁၉၉၃ ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ်ဆုများချီးမြှင့်လျက်ရှိရာ ၂၀၁၁ ခုနှစ်အတွက် ရွေးချယ်ချီးမြှင့်သည့် ပဒုက္ကာဦးအုံးဖေ တည်ထောင်သော ပဒုက္ကာစာပေဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် မြေလတ်မင်းလွင်ရေးသားသည့် **'သစ္စာငှက်များမိုးသို့တိုင် ကဗျာများ'** စာမူက ပထမ၊ မောင်လွန်းမြိုင် (ပင်လယ်ဘူး) ရေးသားသည့် **'လတစ်စင်း၊ ပန်းတစ်ခင်းအလင်းရန့်ကဗျာများ'** စာမူက ဒုတိယ၊ မောင်နီမှိုင်း (ကျောက်တန်း) ရေးသားသည့် **'အဖေ မသေပါနှင့် အဖြူရောင်သစ္စာ ကဗျာများ'** စာမူက တတိယ ရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် ပုသိမ်အောင်သန်းဦး ရေးသားသည့် **'မြန်မာ့ဂုဏ်ရည် စိန်ထွန်းကြည်'** စာမူက ပထမ၊ ညွန့်လူ ရေးသားသည့် **'မလွမ်းရှော့သော်ကော'** စာမူက ဒုတိယ၊ ခင်လပြည့်ဝန်းရေးသားသည့် **'ရေဆုံး ရေဖျား'** စာမူက တတိယရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် နန္ဒာခင် (သက္ကလမြေ) ရေးသားသည့် **'ရေပြာလမ်းနှင့် အခြားဝတ္ထုတိုများ'** စာမူက ဒုတိယ၊ ကျွန်းစဉ်မြေစောခက် ရေးသားသည့် **'တွင်းကောက်ရှာသော မြွေများနှင့် အခြားဘဝရသဝတ္ထုတိုများ'** စာမူက တတိယရရှိကြသည်။

ကျမ်းစာပေဆုတွင် မောင်မောင်ချစ်ဦး (မုံရွာ) ရေးသားသည့် **'အင်းဆားရဲ့ အင်းလေး'** စာမူက ပထမ ရရှိသည်။

သုတေသနစာပေဆုတွင် ဒေါက်တာယဉ်ယဉ်ထွန်း ရေးသားသည့် **'မြန်မာ့ရိုးရာ ရေနံ့လက်တွင်းတူးပညာ'** စာမူက ပထမ၊ မောင်ကျော်ကျော်(ကွင်းကောက်) ရေးသားသည့် **'စာသင်ကျောင်းကောင်း စုပေါင်းပျိုးထောင်'** စာမူက ဒုတိယ အသီးသီး ရရှိကြသည်။

ပဒုက္ကာဦးအုံးဖေ တည်ထောင်သော ပဒုက္ကာစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၁၁ ခုနှစ် **'တစ်သက်တာစာပေဆု'** အတွက် စာရေးဆရာကြီး ဦးမောင်မောင်ခင် (တက္ကသိုလ်မောင်မောင်ခင်)အား ရွေးချယ်လိုက်ကြောင်း သိရသည်။

ပဒုက္ကာဦးအုံးဖေ တည်ထောင်သော ပဒုက္ကာစာပေဆု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မောင်ဝင်းသော်တာညွန့် ပထမနှစ် ဂုဏ်ထူးတန်း (ရုပ်ရှင်နှင့်ပြဇာတ်)က လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မောင်ဝေယံအောင် ဒုတိယနှစ် (သဘင်ပညာ) တို့ကလည်းကောင်း အသီးသီးရရှိကြသည်။

ဆုနှင်းသဘင် အခမ်းအနားကို ၂၀၁၂ ခုနှစ် မေ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Chartrium Hotel ၌ကျင်းပမည်ဖြစ်သည်။ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၆၅၆၉၊ ၀၁-၂၄၀၀၄၈ နှင့် ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့် ကျန်းမာရေးဝန်ဆောင်မှုများပေးမည့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
မျိုးမြင့်(သတင်းစဉ်)

ယနေ့အချိန်အခါတွင် ပြည်သူတို့ ရွေးချယ်တင်မြှောက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြင့်မားတိုးတက်စေရန်အတွက် နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတွင် ကျန်းမာရေးကဏ္ဍနှင့် ပညာရေးကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်လာမှသာလျှင် လူသားအရင်းအမြစ်စွမ်းရည်နှင့် ကုန်ထုတ်စွမ်းအားတို့ တိုးတက်လာမည်ဖြစ်ပြီး အဆင့်အတန်းမြင့်မားသော လူနေမှုဘဝတစ်ရပ် ဖြစ်ပေါ်လာမည်ဖြစ်သည်။

သို့မှသာ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော လူမှုပတ်ဝန်းကျင်တစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီးဦးဆောင်သော အစိုးရအဖွဲ့အနေဖြင့် ကျန်းမာရေးကဏ္ဍအပါအဝင် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်း၌သာမက နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှုတိုးပွားပြီး စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်ကိုလည်း နေ့မအား ညမနား ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ထောင်စုလွှတ်တော်ကလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ရည်မှန်းချက်များ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယခုနှစ် ဘတ်ဂျက်ကို ယခင်နှစ်များကထက် တိုးမြှင့်သုံးစွဲနိုင်ရန် အတည်ပြုပေးခဲ့ပြီ ဖြစ်သည်။ ယင်းကဲ့သို့ အတည်ပြုပေးနိုင်ခြင်းကြောင့် ရေမြင့်ကြာတင့် ဆိုသကဲ့သို့ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အနာဂတ်ကာလတွင် ယင်းဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူများခံစားစံစားနိုင်ကြတော့မည် ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသည့် ရည်မှန်းချက်နှစ်ရပ်ကိုဖော်ဆောင်လျက်ရှိရာ ယင်းသို့ ဖော်ဆောင်လျက်ရှိသော လုပ်ငန်းများကို အထောက်အကူပြုစေရန်အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြည်သူများ ဈေးနှုန်းသက်သာပြီး အဆင့်မြင့် ကျန်းမာရေးစောင့်ရှောက်မှုများခံယူနိုင်ရန် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

(၃-၅-၂၀၁၂) ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်သည့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၏ ကျန်းမာရေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အများပြည်သူများ သိရှိနိုင်ရန်အတွက် သွားရောက်လေ့လာခဲ့ရာ မျက်မှောက်ကာလ၏ ကျန်းမာရေးဝန်ဆောင်မှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် သန့်ရှင်းသပ်ရပ် ကျယ်ဝန်းလှသည့် အဆောက်အအုံ၊ အဆင့်မြင့်ဝန်ဆောင်မှုနှင့် ဆေးဝါးများ၊ ကောင်းမွန်လှသည့် ခေတ်မီစက်ကိရိယာများကို တွေ့မြင်ခဲ့ရပြီး ဆေးရုံကြီးဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကိုလည်း သိရှိခဲ့ရသည်။

ယင်းဆေးရုံကြီးကို နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကအထူးကုဆေးရုံတစ်ခုအနေဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်၊ အများပြည်သူများ သင့်တင့်သက်သာသော ဆေးကုသစရိတ်ဖြင့် ကျန်းမာရေး ဝန်ဆောင်မှုပေးနိုင်စေရန်၊ အနာဂတ်ကာလတွင်လည်း ဆေးကုသစရိတ်တတ်နိုင်သူများ ပြည်ပနိုင်ငံများသို့ သွားရောက်ဆေးကုသရန်မလိုဘဲ မိမိနိုင်ငံတွင် အဆင့်မြင့်မြင့် ဆေးဝါးကုသနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်သည်။

အဆိုပါဆေးရုံကြီးတွင် အထွေထွေပြင်ပလူနာလက်ခံဌာန၊ အတွင်းလူနာဌာန၊ အထူးကြပ်မတ်ကုသဌာန၊ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေးဌာန၊ ခေတ်မီစက်ကိရိယာများ ပြည့်စုံစွာဖြင့် တပ်ဆင်ထားသည့် ခွဲစိတ်ခန်းမများ၊ ခေတ်မီအပေါက်ဖောက် အဆင့်မြင့်ခွဲစိတ်ကုသပေးခြင်း၊ ကျောက်ကပ်တုသွေးသန့်စင်ဌာန၊ ပုံရိပ်ဖော်ဌာန၊ အရေးပေါ် လူနာတင်ယာဉ်နှင့် ဆေးအရောင်းဌာန၊ အထူးကုပြင်ပလူနာဌာန၊ မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းစမ်းသပ်ခြင်းဌာန၊ နှလုံးအထူးစစ်ဆေးခြင်း၊ အိမ်တိုင်ရာရောက်ဆေးကုသမှုပေးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် လူမှုဆက်ဆံရေးဌာနတို့ကို ဖွင့်လှစ်ပြီး နေ့၊ ည ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် အထူးကုဆရာဝန်ကြီးများနှင့် လူနာများ ရင်းနှီးပွင့်လင်းစွာ ဆက်ဆံနိုင်ရေးနှင့် အချိန်မရွေးဆွေးနွေးနိုင်ရေးတို့အတွက် အလေးထား ဆောင်ရွက်ပေးခြင်း၊ ရောဂါရှာဖွေရေးအပိုင်းတွင် ခေတ်မီစက်ကိရိယာများဖြင့် စမ်းသပ်ခြင်းမပြုမီ လူနာ၏ ရောဂါရာဇဝင်ကို စိတ်ရှည်စွာမေးမြန်းခြင်းနှင့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်ဟု သိရှိရပါသည်။ လူနာနှင့် ဆရာဝန်တို့အကြား နားလည်မှုရှိသောဆက်ဆံရေးနှင့် တစ်ဦးကိုတစ်ဦး ယုံကြည်မှု တည်ဆောက်ရေးအတွက် ဝန်ထမ်းဆရာဝန်များကို အထူးလေ့ကျင့်ပေးထားကြောင်းနှင့် ရောဂါရှာဖွေရေးအပိုင်းတွင်လည်း လွယ်ကူစွာစစ်ဆေးနိုင်ရန် (Package) ခေါ် တစ်ပေါင်းတည်း စစ်ဆေးနိုင်ရန်အတွက်လည်း စီစဉ်ထားကြောင်း သိရှိရသည်။

အထူးကုသမှု (Speciality)အပိုင်းများအနေဖြင့် နှလုံးရောဂါရှာဖွေစမ်းသပ်နိုင်သည့် Echo Cardiogram၊ Doppler Scan၊ Exercise Test (ခေါ်) Tread Mill စက်များအပြင် ၂၄ နာရီစလုံးတွင် ECG စမ်းသပ်နိုင်သော ECG Holter စက်များဖြင့် နှလုံးရောဂါကို စမ်းသပ်စစ်ဆေးပေးခြင်း၊ ခန္ဓာကိုယ်အတွင်း ရောဂါဖြစ်ပွားသည့်နေရာနှင့် ရောဂါအတိမ်အနက်ကို တိတိကျကျရှာဖွေပေးနိုင်သော (CT) စက်၊ Fluroscope စက်များဖြင့် စမ်းသပ်စစ်ဆေးကုသပေးခြင်း၊ ရုတ်တရက်နှင့် နာတာရှည် ကျောက်ကပ်ပျက်စီးသော လူနာများအတွက် ခန္ဓာကိုယ်တွင်း အညစ်အကြေးများကို သန့်စင်ရန် ကျောက်ကပ်ဆေးစက် (Haemo-dialysis) ဖြင့် ကုသပေးခြင်း၊ မျက်စိအထူးကုဆရာဝန်ကြီးများမှ မျက်စိရောဂါများကို ကုသနိုင်ရေးအတွက် အဆင့်မြင့်စက်ကြီးများဖြင့် မျက်စိရောဂါရှာဖွေပေးခြင်း၊ မျက်စိတိမ်ရောဂါများကိုလည်း ပိုးမွှားသန့်စင်သည့် ခွဲစိတ်ခန်းများ၌ နောက်ဆုံးပေါ် မျက်စိခွဲစိတ်ကုသမှုသုံး အဏုကြည့်မှန်ပြောင်းဖြင့် ခွဲစိတ်ကုသပေးခြင်း၊ အစာအိမ်အူလမ်းကြောင်းရောဂါများကိုလည်း gastroscopy, duodenoscopy၊ colonoscopy စက်ကိရိယာများဖြင့် အစာအိမ်မှ စအို၊ အူမကြီးအထိ ကြည့်ရှုစစ်ဆေးပေးနိုင်ခြင်းကြောင့် ရောဂါများကို တိကျစွာ သိရှိနိုင်ပြီး အချို့အစာလမ်းကြောင်း၊ အစာအိမ်သွေးယိုရောဂါနှင့် သွေးကြောထုံးရောဂါများကိုလည်း တစ်ပါတည်း ကုသပေးနိုင်ခြင်း၊ ဝမ်းဗိုက်တွင်းရောဂါများကို ဗိုက်ခွဲစရာမလိုဘဲ (Key hole Surgery)ခေါ် အပေါက်ငယ်လေးဖြင့်သာ ဝမ်းတွင်းကြည့်စက်ကိရိယာ (Laproscopy)ဖြင့် ခွဲစိတ်ကုသနိုင်ရန်အတွက် သက်ဆိုင်ရာ ကျွမ်းကျင်ဆရာဝန်များဖြင့် ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ခေတ်မီခွဲစိတ်ကုသခန်းအား တွေ့ရစဉ်။

အထက်ဖော်ပြပါ စက်ကြီးများဖြင့် ပထမအဆင့် အသုံးပြုပြီး များမကြာမီကာလတွင် ဒုတိယအဆင့်အနေဖြင့် နှလုံးရောဂါများကို မခွဲမစိတ်ဘဲ ကုသနိုင်သော (ESMR)စက်များဖြင့် ကုသပေးခြင်း၊ ကင်ဆာရောဂါများကို တိကျစွာ ရောဂါရှာဖွေ ကုသပေးနိုင်သော LA၊ Petscan၊ Tomo စက်များဖြင့် ကုသပေးနိုင်ရန် စီမံကြိုးစားသွားမည်ဟုလည်း သိရသည်။

ဆေးကုသမှုသုံး စက်ပစ္စည်းများ ဖြည့်တင်းမှုအပြင် ပြည်ပနိုင်ငံများမှ အထူးကု ဆရာဝန်ကြီးများနှင့်ဆက်သွယ်ပြီး ယခုဆေးရုံ၌ အများပြည်သူများအတွက် အဆင့်မြင့်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့အပြင် လိုအပ်လျှင်အမြဲဆက်သွယ်နိုင်ရန် Vedio Conferencing နည်းပညာတို့ဖြင့် ဆောင်ရွက်၍ ဝန်ဆောင်မှု ပေးသွားမည် ဖြစ်သည်။ ဆေးရုံကြီးအတွင်းရှိ ဆေးအရောင်းဆိုင်တွင်လည်း နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းကိုက် ဆေးဝါးများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပြည်တွင်း၌ ဝယ်ယူရန် ခက်ခဲသော ဆေးဝါးများကိုလည်း ပြည်ပနိုင်ငံများသို့ ချက်ချင်းဆက်သွယ်မှာယူပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆေးရုံကြီးရှိ ဓာတ်ခွဲဌာနတွင် Immunology၊ Bio Chemistry၊ Haematology၊ Histopathology နှင့် Microbiology ဌာနများ ဖွင့်လှစ်ထားပြီး Immunlogy အနေဖြင့် ခန္ဓာကိုယ်တွင်း ကင်ဆာရောဂါရှိ မရှိနှင့် အသည်းရောင်အသားဝါရောဂါ၊ HIV ကဲ့သို့သော ရောဂါပိုးများကိုသွေးအတွင်းမှနေ၍ နောက်ဆုံးပေါ်စက်များဖြင့် စစ်ဆေးပေးခြင်း၊ Bio Chemistry အနေဖြင့် ခန္ဓာကိုယ်တွင်းအသည်းရောင်/မရောင်၊ ကျောက်ကပ်အလုပ် လုပ်/မလုပ်၊ ဆီးချို သွေးချို ရှိ/မရှိနှင့် ကုသနိုင်မှုအခြေအနေနှင့် ခန္ဓာကိုယ်သွေးတွင်း အဆီတို့ကို စစ်ဆေးပေးခြင်း၊ Haematology အနေနှင့် သွေးနီဥ၊ သွေးဖြူဥ၊ သွေးမွှား စသည်တို့ကို အသေးစိတ်စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မွေးရာပါ သွေးနီဥပြိုကွဲသည့် အခြေအနေတို့ကိုလည်း စစ်ဆေးပေးနိုင်မည်ဖြစ်သည်။ Histopathology အနေဖြင့် ခန္ဓာကိုယ်တွင်း အဖု၊ အကျိတ်များနှင့် အင်္ဂါများမှ အသားစကိုယူ၍ ရိုးရိုး အဖု၊ အကျိတ်(သို့မဟုတ်) ကင်ဆာဖြစ်/မဖြစ်တို့ကို စစ်ဆေးပေးခြင်းနှင့် Microbiology အနေဖြင့် စားသောက်ဆိုင်ဝန်ထမ်းများ၏ ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးရာ၌ စားသုံးသူများ ကျန်းမာရေးအတွက် အစားအသောက် ကိုင်တွယ်သူ ဝန်ထမ်းများတွင် အစားအသောက်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများ ကင်းစင်သူဖြစ်စေရေးကို စစ်ဆေးပေးနိုင်ခြင်း စသည့်ကျန်းမာရေး ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးနိုင်ကြောင်း သိရှိရသည်။

ဇမ္ဗူသီရိ အထူးကုဆေးရုံသစ်ကြီးတွင် တပ်ဆင်ထားသည့် ရောဂါရှာဖွေစက်များသည် ဂျာမနီ၊ ပြင်သစ်နှင့် ဂျပန်နိုင်ငံတို့မှ အရည်အသွေးမြင့် စက်သစ်ကြီးများဖြစ်သည်။ ဆေးရုံကြီး၏ ဓာတ်ခွဲခန်းဌာနတွင် ဝန်ဆောင်မှုများအဖြစ် ပင်တိုင်ရောဂါဗေဒပါရဂူအပြင် အချိန်ပိုင်းရောဂါဗေဒပါရဂူများ၊ Medical Technologist ဘွဲ့ရ ကျွမ်းကျင်



ခန္ဓာကိုယ်အတွင်းရှိ ရှာဖွေရန် ခက်ခဲသောကင်ဆာများ၊ အလုံး၊ အကျိတ်များ၊ အင်္ဂါအစိတ်အပိုင်းများ၏ သွင်ပြင်လက္ခဏာများအား အလွှာအလိုက် အသေးစိတ်စစ်ဆေးခြင်း၊ နှလုံးသွေးကြောလုပ်ငန်းဆောင်တာများအား ဆေးသွင်း၍ စစ်ဆေးခြင်းတို့အား ကောင်းစွာ ဆောင်ရွက်နိုင်သည့် အဆင့်မြင့် CT Scanner စက်ကြီးအား တွေ့ရစဉ်။

ဝန်ထမ်းများနှင့် နောက်ဆုံးပေါ်စက်များကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သည့် ဝန်ထမ်းများကိုလည်း ခန့်ထားသည်။ ဓာတ်ခွဲခန်းဌာနတွင် အများပြည်သူများကို သင့်တင့်သည့်ဈေးနှုန်းနှင့် စစ်ဆေးနိုင်ရန် စီစဉ်ထားပြီးအရည်အသွေးကို အဓိကထား၍ တိကျမှန်ကန်သောအဖြေကို အမြန်ဆုံး ရရှိအောင် ဆောင်ရွက်ထားသည်။

ပုံမှန် ကျန်းမာရေးစစ်ဆေးခြင်း၊ ရောဂါကုသပေးခြင်းတို့အပြင် Medical Screening Package အနေဖြင့် ကျန်းမာရေးရာဇဝင် မေးမြန်းခြင်း၊

အထူးကြပ်မတ်ကုသခန်းအား တွေ့ရစဉ်။

ခန္ဓာကိုယ် စမ်းသပ်စစ်ဆေးခြင်း၊ သွေးဆဲလ်များအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ သွေးထဲရှိ သကြားဓာတ်အား တိုင်းတာခြင်း၊ သွေးချိုကုသမှုအခြေအနေအား စမ်းသပ်ခြင်း၊ အသည်း လုပ်ဆောင်ချက်စစ်ဆေးခြင်း၊ ကျောက်ကပ်လုပ်ဆောင်ချက် စစ်ဆေးခြင်း၊ အသည်းရောင်အသားဝါ ပိုင်းရပ်စ်ပိုး စစ်ဆေးခြင်း၊ ကာလသားရောဂါပိုး စစ်ဆေးခြင်း၊ ခုခံအားကျဆင်းမှု ဗိုင်းရပ်စ်ပိုး စစ်ဆေးခြင်း၊ သွေးဗေဒစစ်ဆေးခြင်း၊ သွေးထဲရှိ အဆီဓာတ်အား တိုင်းတာခြင်း၊ အရိုးနှင့် အဆစ်ဓာတ်အား တိုင်းတာခြင်း၊ လည်ပင်းကြီးရောဂါရှိ မရှိ စစ်ဆေးခြင်း၊ ဆီးစစ်ခြင်း၊ ဝမ်းစစ်ခြင်း၊ အသည်းကင်ဆာ ဇီဝအမှတ်အသားတိုင်းတာခြင်း၊ အူလမ်းကြောင်းကင်ဆာ ဇီဝအမှတ်လမ်းကြောင်းတိုင်းတာခြင်း၊ ဆီးကျိတ်ကင်ဆာအမှတ်အသားတိုင်းတာခြင်း၊ အမျိုးသမီး သားဥအိမ်ကင်ဆာ ဇီဝအမှတ်အသားတိုင်းတာစစ်ဆေးခြင်း၊ အူမကြီးကင်ဆာ ဇီဝအမှတ်အသား တိုင်းတာခြင်း၊ ရင်သားကင်ဆာ ဇီဝအမှတ်အသားတိုင်းတာခြင်း၊ ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်း၊ အီးစီဂျီစစ်ဆေးခြင်း၊ ဝမ်းဗိုက်တစ်ခုလုံး အသံလှိုင်းသုံး ရောဂါရှာဖွေခြင်း၊ နှလုံးပုံရိပ်ဖော်ခြင်း၊ နှလုံးစမ်းသပ် စစ်ဆေးခြင်း၊ ရင်သားဓာတ်မှန်ရိုက်ခြင်း၊ သားအိမ်ခေါင်းကင်ဆာအသားစစစ်ဆေးခြင်း၊ မျက်စိစမ်းသပ်ခြင်း၊ သွားကျန်းမာရေး စစ်ဆေးခြင်း၊ နားအကြားအာရုံများ စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိမှုအဖြေများကို ဆွေးနွေးအသိပေးခြင်းတို့ကို သက်သာသောနှုန်းထားတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သွားဆရာဝန်များ၊ သူနာပြုအုပ်များ၊ သူနာပြုများနှင့် ဆေးဝါး၊ ဓာတ်ခွဲ၊ ဓာတ်မှန်၊ ကာယကုသမှု ကျွမ်းကျင်ပညာရှင်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ဆေးရုံကြီးကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေး ဇီဇဝါပန်းအဝိုင်းအနီးတွင် တည်ဆောက်ထားပြီး အဆိုပါဆေးရုံတွင် စုစုပေါင်းအဆောင် ၁၆ ဆောင် ပါဝင်ပြီး ယင်း ၁၆ ဆောင်တွင် ပြင်ပလူနာဆောင် နှစ်ဆောင်၊ ပုံရိပ်ဖော်နှင့်ဓာတ်ခွဲခန်း တစ်ဆောင်၊ ခွဲစိတ်ခန်း တစ်ဆောင်၊ အထူးကြပ်မတ်ကုသဆောင် တစ်ဆောင်၊ သာမန်အခပေးလူနာဆောင် ငါးဆောင်၊ သားဖွားမီးယပ်ဆောင် တစ်ဆောင်၊ အထူးခန်းများပါဝင်သော အခပေးလူနာဆောင် လေးဆောင်နှင့် အုပ်ချုပ်မှု တစ်ဆောင်တို့ပါဝင်သည်။ ပြင်ပလူနာဆောင် နှစ်ဆောင်ရှိပြီး အထွေထွေပြင်ပလူနာဆောင်တွင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် သွားရောဂါ အထူးကုသခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အထူးကုပြင်ပလူနာဆောင်တွင်လည်း အထူးကုဆရာဝန်ကြီးများက အချိန်ပိုင်း အလှည့်ကျ လူနာများကို စမ်းသပ်စစ်ဆေးကုသပေးသွားမည်ဖြစ်သည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ယခုကဲ့သို့ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး တည်ဆောက်ပြီး မြန်မာပြည်သူ ပြည်သားများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဈေးနှုန်းသက်သာစွာဖြင့် အဆင့်မီမီ ဆောင်ရွက်ပေးနိုင်တော့မည်ကို သိရသည့်အတွက် ယခုကာလ၌ မိမိတို့နိုင်ငံတွင်ရေပန်းစားလျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်ဆေးကုသသည့် ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် အဆင့်မီစွာ အစားထိုးနိုင်တော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်ဖွယ်ပင် ဖြစ်သည်။

ယခုကဲ့သို့ ဈေးနှုန်းသင့်တင့်ပြီး ဝန်ဆောင်မှုကောင်းမွန်လှသည့် အဆင့်မြင့် ဆေးရုံကြီး ဖွင့်လှစ်နိုင်ခြင်းသည် မိမိတို့ မြန်မာပြည်သူ ပြည်သားများအတွက် “အာရောဂျံ ပရမံ လာဘံ” ဆိုသည့် “ကျန်းမာခြင်းသည် လာဘ်တစ်ပါး” ဆောင်ပုဒ်နှင့်အညီ နိုင်ငံသူနိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်တော့မည်ဟု ယုံကြည်မျှော်လင့်မိပေတော့သည်။ ။

ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးအား တွေ့ရစဉ်။

နိုင်ငံ့ဝန်ထမ်းများ၏ အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်နိုင်ရေး ဆွေးနွေးဆောင်ရွက်

နေပြည်တော် မေ ၈

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ DynEd Asia, Ltd. ဥက္ကဋ္ဌ Mr.Nicholas J.Randall နှင့် တာဝန်ရှိသူများအား ဖိတ်ခေါ်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်တက်လာစေရေးအတွက် အင်္ဂလိပ်ဘာသာစကားသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားနိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ဖွင့်လှစ်

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကာ နိုင်ငံ့ဝန်ထမ်းများ၏ အင်္ဂလိပ်စာစွမ်းရည်မြင့်မားရေးမှာ အခြေခံကျသော လိုအပ်ချက်ဖြစ်သဖြင့် လာမည့်ဇွန်လမှစတင်၍ ၂၀၁၃ခုနှစ် ဇွန်လအထိ တစ်နှစ်တာကာလအတွင်း နေပြည်တော်၌ အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်သွားရန်ရှိကြောင်း သိရသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာအရာထမ်းများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း DynEd Asia, Ltd. ဥက္ကဋ္ဌ Mr.Nicholas J.Randall နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ၂၀၁၂ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် ထူးချွန်ကြက်ခြေနီများအား ဆုများချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့ကြက်ခြေနီနေ့ ကျင်းပ

ရန်ကုန် မေ ၈

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုကိုက ဖတ်ကြားသည်။

ယင်းနောက်ထူးချွန်ကြက်ခြေနီများအား ဆုများချီးမြှင့်ကြပြီး ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား ဂျပန်နိုင်ငံ Kanagawa Prefectural Government မှ Governor Mr. Yuji Kuroiwa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကာ တိုင်းဒေသကြီးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းအောင်တို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသတ်စခန်းသစ်ဖွင့်ပွဲနှင့် မီးသတ်တပ်ဖွဲ့နေ့ မြဝတီမြို့၌ကျင်းပ

မြဝတီ မေ ၈

မြဝတီမြို့နယ် မီးသတ်စခန်းသစ်ဖွင့်ပွဲနှင့် (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက အဆိုပါ မီးသတ်စခန်းသစ်၌ကျင်းပရာ တာဝန်ရှိသူများက မီးသတ်စခန်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဖြိုးမင်းဇော်က မီးသတ်စခန်းသစ်ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဦးအောင်ထွန်း (Myanmar Top Power) ကုမ္ပဏီမှ တာဝန်ခံ ဦးထွန်းထွန်းဝင်းက ရုံးအဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများနှင့် အဆောက်အအုံကို မီးသတ်ဦးစီးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်က (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး **(အပေါ်ပုံ)** တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံ ၇၀ အား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကလေးများ၏ သင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားရေး

ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံဖြင့် ထိရောက်စွာ လေ့ကျင့်သင်ကြားပေး

နေပြည်တော် မေ ၈

ဆရာ ဆရာမများအနေဖြင့် စာပေဘာသာရပ်များသာမက တွဲဖက်သင်ရိုးဝင် ဘာသာရပ်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ အပြည့်အဝ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း၊ ဆရာဆရာမများအနေဖြင့် အခြေခံပညာအဆင့်အလိုက် ရက်သတ္တပတ် စာသင်ချိန်ဇယားနှင့်အညီ လေ့ကျင့်သင်ကြားပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မြန်မာနိုင်ငံလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေး လေ့လာသုံးသပ်ရေး (Comprehensive Education Sector Review- CESR) လုပ်ငန်းများဆောင်ရွက်ရန်နှင့် အားနည်းချက်/လိုအပ်ချက်ရှိသည့် လုပ်ငန်းများတွင် စီမံချက်များရေးဆွဲပြီး နိုင်ငံတော်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပညာရေးစေတနာရှင်များ ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးရေးကိုလည်း စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက မေ ၇ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၆)သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ယခင်က ပညာရေးလုပ်ငန်းစဉ်များကို ဗဟိုကသတ်မှတ်ပေးပြီး အောက်ခြေအဆင့် အသီးသီးတို့က အကောင်အထည်ဖော်ဆောင်ရွက်ရသည့် စနစ်ဖြစ်ကြောင်း၊ ယနေ့အခါတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ခြေအဆင့် အသီးသီးက ပညာရေးဝန်ထမ်းများ ကိုယ်တိုင် ပါဝင်ဆွေးနွေးဆုံးဖြတ်ပြီး လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးနေပြီဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

နိုင်ငံတော်သမ္မတ၏ ပညာရေးဆိုင်ရာလမ်းညွှန်ချက် (၁၀)ရပ်အပေါ် လုပ်ငန်းလမ်းညွှန်ချက် တစ်ခုချင်းအလိုက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆရာ ဆရာမများအနေဖြင့် တိကျစွာလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၁ ရာစုအချိန်တွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် လူသားအရင်းအမြစ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် လုံးဝတည်မှီနေကြောင်း၊ မသင်မနေရ မူလတန်းပညာရေး လုပ်ငန်းများကို အကောင်အထည်ဖော်သည့်နေရာတွင် ပညာပေးသောနည်းလမ်း၊ စီမံခန့်ခွဲရေးနည်းလမ်း၊ ဥပဒေပြဋ္ဌာန်းဆောင်ရွက်ခြင်းနည်းလမ်းများနှင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မသင်မနေရ ပညာရေးစနစ်ကိုဦးတည်ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းအဆင့်၌ တက်ရောက်သင်ကြားမည့် ကျောင်းသားကျောင်းသူများအားလုံးအတွက် ကျောင်းသုံးစာအုပ်အပြည့်အစုံနှင့် လေ့ကျင့်ခန်းစာအုပ်ခြောက်အုပ်စီကို နိုင်ငံတော်က အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း။

အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်များတွင် ပညာရည်ထူးချွန်သည့် ကျောင်းသားကျောင်းသူများအား အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပညာသင်ဆုများနှင့် အခြေခံပညာအဆင့်အလိုက် အတန်းအားလုံးတွင် ပညာရည်ထူးချွန်ပြီး ကျောင်းဆက်လက်တက်ရောက်ရန် အခက်အခဲရှိသူများအား ပညာသင်ထောက်ပံ့ကြေးဆုတို့ကိုလည်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစပြီး နိုင်ငံတော်က နှစ်စဉ် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

အလေးအနက်မှာကြား

ထို့ပြင် နိုင်ငံတော်အနေဖြင့် ငွေကြေး အမြောက်အမြားသုံးစွဲပြီး မသင်မနေရ မူလတန်းပညာရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင်ဆရာ ဆရာမများအနေဖြင့် ထိုလုပ်ငန်းစဉ်များကို ထိခိုက်စေမည့် အခြားခေါင်းစဉ်ဖြင့် ငွေကြေးကောက်ခံခြင်း၊ ပြင်ပမှထုတ်ဝေသည့် Student's Guide များ၊ မှတ်စုတိုများ၊ လေ့ကျင့်ခန်းစာအုပ်များ ရောင်းချခြင်း စသော လုပ်ရပ်များကို ရှောင်ကြဉ်ပြီး ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျောင်းရန်ပုံငွေများနှင့် ကျောင်းလခကောက်ခံရန် သတ်မှတ်ထားသည့် နှုန်းထားအတိုင်းသာ ကောက်ခံဆောင်ရွက်ကြရန် အလေးအနက်မှာကြားလိုကြောင်း။

နိုင်ငံတိုင်းတွင် အခြေခံပညာရေး၏ ရည်မှန်းချက်သည် အဓိကအားဖြင့် နိုင်ငံ့သားကောင်း ဖြစ်ရေးဆိုသည့်အချက် ထည့်သွင်းထားသည်ကို တွေ့နိုင်ကြောင်း၊ ကျောင်းသားကျောင်းသူများအား နိုင်ငံ့သားကောင်းများအဖြစ် ပေါ်ထွန်းလာစေရန်အတွက် လေ့ကျင့်သင်ကြားပေးသည့် သင်ခန်းစာအများစုက တွဲဖက်သင်ရိုး ဘာသာရပ်များထဲတွင် ပါဝင်နေကြောင်းဖြင့် ပြောကြားသည်။

ဆရာ ဆရာမများအနေဖြင့် လေ့ကျင့် သင်ကြားပေးရာတွင် ကျောင်းသား ကျောင်းသူများက ကိုယ်တိုင်သင်ယူလိုစိတ်နှင့် ကိုယ်တိုင်ပါဝင်သင်ယူလာအောင် တစ်ဦးချင်းစီ၏ ပင်ကိုဗီဇအထုံပါရမီ ဝါသနာနှင့်လိုက်လျောညီထွေရှိပြီး လက်တွေ့ဘဝတွင် ဆက်စပ်အသုံးချနိုင်မည့် ချဉ်းကပ်နည်းများနှင့် လေ့ကျင့်သင်ကြားပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော် အစိုးရသစ်၏ နိုင်ငံတော်သစ် တည်ဆောက်ရေးနှင့် ပတ်သက်သည့် မူဝါဒလုပ်ငန်းစဉ်များအပြင် ပညာရေးကဏ္ဍနှင့်ပတ်သက်သည့် မူဝါဒနှင့်လုပ်ငန်းစဉ်များကို စနစ်တကျလေ့လာပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ မသင်မနေရ ပညာရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် မိမိကျရာ အခန်းကဏ္ဍမှ နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ကလေးများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံဖြင့် ထိရောက်စွာ လေ့ကျင့်သင်ကြားပေးစေလိုကြောင်း။

ရက်သတ္တပတ် စာသင်ချိန်ဇယားတွင်သင်ကြားရန် သတ်မှတ်ထားသည့် ဘာသာရပ်နှင့် သင်ခန်းစာများသည် အခြေခံပညာကျောင်းသားကျောင်းသူများ၏ နိုင်ငံ့သားကောင်းအရည်အသွေး ပြည့်ဝရေးအတွက် ဘက်စုံထောင့်စုံအောင် ဖြည့်ဆည်းပေးထားခြင်း ဖြစ်သည့်အတွက် အခြေခံပညာအဆင့်အလိုက် ရက်သတ္တပတ်စာသင်ချိန်ဇယားနှင့်အညီ လေ့ကျင့်သင်ကြားပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၀၇ ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရွှေအလင်းအိမ်စာကြည့်တိုက် အဆောက်အအုံသစ် မြောင်းမြ၌ဖွင့်

မြောင်းမြ မေ ၈

ကျေးလက်ပြည်သူများ အသိပညာဗဟုသုတတိုးပွားရေးအတွက် မြောင်းမြမြို့နယ် ထုံးဘို၊ ဇျိုင်းဖြူကျေးရွာအုပ်စု ရွှေလွန်းကုန်းကျေးရွာရှိ ရွှေအလင်းအိမ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၂၃ ရက်က ကျင်းပရာ စာကြည့်တိုက်အလှူရှင် ဦးကိုတင်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှဝင်း၊ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်လှကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါ စာကြည့်တိုက်မှာ အလျား ၁၈ ပေ၊ အနံ ၁၂ ပေရှိ ကွန်ကရစ်ခင်း သွပ်မိုး၊ သံဆန်ခါတပ်အဆောက်အအုံဖြစ်ပြီး သုတရသမဂ္ဂဇင်းစာစောင် ၈၅၀ ခန့်ရှိကာ စာကြည့်တိုက်ကို အလှူရှင် ဦးကိုတင်မိသားစုနှင့် ကျေးရွာပြည်သူများစုပေါင်း၍ ငွေကျပ်ကိုးသိန်းကျော် အကုန်အကျခံဆောက်လုပ်ထားကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

သတင်းစာတစ်စောင်၏ တန်ဖိုး

စာဖတ်သူတစ်ဦး

"သတင်းစာတစ်စောင်၏ တန်ဖိုးဟူသည်မှာ ထိုသတင်းစာတစ်စောင်အတွက် အဖိုးအခမည်ရွေ့မည်မျှပေး၍ ဝယ်ယူရသည်ဟူသည့် ငွေကြေးတန်ဖိုးထက် အဆိုပါ သတင်းစာတွင် စာဖတ်သူများအား အသိအမြင် အချက်အလက်ဗဟုသုတမည်မျှ ကြီးကြီးမားမား ပေးထားနိုင်သည်ဟူသည့် သတင်းတန်ဖိုးသည်သာ ပဓာနဖြစ်သည်" ဟု သတင်းစာဆရာကြီးတစ်ဦး၏ အဆိုကို မှတ်သားဖူးသည်။

ထို့ကြောင့် သတင်းစာတစ်စောင်၏တန်ဖိုးသည် သတင်းစာရောင်းဈေးတန်ဖိုး အနည်းအများပေါ်တွင်မူမတည်ဘဲ ထိုသတင်းစာတွင်ပါရှိသည့် သတင်း၏တန်ဖိုးပေါ်တွင်သာ မူတည်သည်ဟူသည့် အဆိုကို သတင်းစာဖတ်ပြည်သူများ သိရှိနားလည် လက်ခံကြမည်ဟု ယုံကြည်ပါသည်။ သတင်းစာကို နှစ်ပေါင်းများစွာ နေ့ရက်မပျက် ဖတ်ရှုလာခဲ့ရသော သတင်းစာဖတ်သူမိမိတို့အဖို့ ယနေ့ သတင်းစာတွင် ဘာသတင်းထူးသည်၊ ဘာသတင်းကောင်းသည်၊ ဖတ်စရာဘာများပါသည်တို့ကိုသာ နေ့စဉ်ရှာဖွေကြည့်ရှုတတ်ကြပါသည်။ သတင်းစာတစ်စောင်ကို နေ့စဉ်သော်လည်းကောင်း၊ လစဉ်သော်လည်းကောင်း အခကြေးငွေပေး၍ ဝယ်ယူနေကြသည်မှာ သတင်းစာဖတ်သူများအတွက် ပြောပလောက်စရာငွေကြေးပမာဏ မဟုတ်သည့်အပြင် အဆိုပါ သတင်းစာတွင် ပါဝင်သော၊ အသိသုတပေးနိုင်သော၊ ထူးခြားသောသတင်းတို့က ပို၍အဖိုးတန်သည့်အတွက် သတင်းစာကို ဝယ်ယူဖတ်ရှုမိကြခြင်းဖြစ်ပါသည်။

ဆိုရပါမူ မိမိတို့ဖတ်လိုသော သတင်းစာတစ်စောင်ကို သတင်းစာတိုက်မှ တိုက်ရိုက်မှာယူလျှင် တစ်စောင်လျှင် ကျပ် ၅၀ ဖြင့် ကိုယ်စားလှယ်လပေးနှုန်း ကျပ် ၂၀၀၀ ဝန်းကျင်ဖြင့်ဖြစ်စေ၊ လက်ပွေ့ရောင်းသူထံမှ တစ်စောင်ဈေးနှုန်းကျပ် ၁၀၀ ဖြင့်ဖြစ်စေ ဝယ်ယူဖတ်ရှုလေ့ရှိကြပါသည်။ တစ်ရက်လျှင် လက်ဖက်ရည်တစ်ခွက်ဖိုးမရှိ၊ တစ်လလျှင် ထမင်းတစ်ပွဲဖိုးမရှိသည့် သတင်းစာဖိုးကုန်ကျငွေထက် ထိုသတင်းစာ၌ တန်ဖိုးရှိသော သတင်းများပါလျှင် စာဖတ်သူတို့ ကျေနပ်ကြပါသည်။ ထို့ကြောင့် သတင်းစာတစ်စောင်၏ တန်ဖိုးသည် ကျသင့်ငွေမဟုတ်၊ သတင်းတန်ဖိုးဖြစ်သည်ဟု ဆိုချင်ပါသည်။

သာဓကအားဖြင့် နေ့စဉ်ထုတ်သတင်းစာများတွင် ပြည်သူများ စိတ်ဝင်စားသည့် သတင်းထူး၊ သတင်းဦးများပါရှိလျှင် သတင်းစာများမှာ ရောင်းမလောက်အောင်ဖြစ်ခဲ့ကြပြီး ရံဖန်ရံခါတွင် လိုအပ်သော သတင်းစာရောင်းစောင်ရေ မရှိတော့သဖြင့် ပရိသတ်သိလိုသော သတင်းများကို သတင်းစာရောင်းသူတို့က မိတ္တူဆွဲ၍ ရောင်းချကြသည်ကိုပင် တွေ့ရှိရပါသည်။ မင်္ဂလာတောင်ညွန့် စက်ဆန်းရပ်ကွက် မီးလောင်ပေါက်ကွဲမှုဖြစ်စဉ်သတင်းများ ဖြစ်ပေါ်ခဲ့စဉ်က နောက်တစ်နေ့နံနက် အချိန်မီထွက်ရှိလာသော သတင်းစာများမှာ ရောင်းမလောက်အောင်ဖြစ်ကြရပြီး အဆိုပါ သတင်းများကို ထပ်မံမိတ္တူဆွဲယူ၍ ရောင်းချကြရသည်ဟု ဆိုပါသည်။

သတင်းစာဖတ်သူအများစုမှာ မိမိတို့သိလိုသော အကြောင်းအရာအချက်အလက်များကို မျှော်တလင့်လင့် ဖတ်ရှုလိုကြသူများ ဖြစ်ပါသည်။ ပရိသတ်သိလိုသော သတင်းအချက်အလက်ကို မြန်မြန်ဆန်ဆန်၊ အချက်အလက်စုံစုံလင်လင်၊ ခိုင်ခိုင်မာမာ၊ တိတိကျကျ ဖော်ပြပေးနိုင်သော သတင်းစာကို ရွေးချယ်ဝယ်ယူလေ့ရှိကြပါသည်။ ထို့ကြောင့် သတင်းစာများတွင်လည်း ထူးခြားသော သတင်းအချက်အလက်များကို ထည့်သွင်းပေးခြင်းဖြင့် ပရိသတ်၏ နှစ်သက်လက်ခံမှုကို ရယူသင့်ပါသည်။ သတင်းစာကို မည်သည့်ရည်ရွယ်ချက်ဖြင့် ထုတ်ဝေသည်ဖြစ်စေ အများပြည်သူက လိုလိုလားလား ဖတ်ရှုမှသာ ရည်မှန်းချက်ပေါက်မြောက် အောင်မြင်နိုင်မည်ဖြစ်ပါသည်။

မျက်မှောက်ကာလ မီဒီယာအခြေအနေများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ပြောင်းလဲလာသော ခေတ်စနစ်အရ ဂျာနယ်စာစောင်များမှာ တစ်ဟုန်ထိုးဖွံ့ဖြိုးလာသည်ကို တွေ့ရမည်ဖြစ်သည်။ ဂျာနယ်များမှာ အကြောင်းအရာပိုင်း၊ အပြင်အဆင်ပိုင်း သစ်လွင်ဆန်းသစ်လာသကဲ့သို့ မီဒီယာကဏ္ဍမှ ကန့်သတ်ချက်များကို တစ်ဆင့်ချင်း ဖြေလျှော့ပေးလိုက်သော အကျိုးကျေးဇူးများကြောင့် သွက်လက်ဆန်းသစ်၊ အသွင်သစ်များဖြင့် ပြည်သူများအကြားသို့ ထဲထဲဝင်ဝင် ရောက်ရှိခဲ့ပါသည်။ ဂျာနယ်များသည် ပြည်သူအများ၏ အားနည်းချက်၊ အားသာချက်များကို ထောက်ပြနိုင်သကဲ့သို့ ဌာနဆိုင်ရာများ၏ အားနည်းချက်၊ အားသာချက်များကိုလည်း ဝေဖန်သုံးသပ်ပြနိုင်သဖြင့် ပြည်သူများအား ပိုမိုဆွဲဆောင်နိုင်ခဲ့ပါသည်။

မီဒီယာဟူသည် အစိုးရ၏ နိုင်ငံနှင့်ပြည်သူ အကျိုးပြုဆောင်ရွက်ချက်များကို ပြည်သူအား အသိပေးရသကဲ့သို့ ပြည်သူ၏လိုအပ်ချက်များကိုလည်း အစိုးရအား ပြန်လည်အသိပေးရသော အစိုးရနှင့် ပြည်သူပေါင်းကူးဆက်သွယ်ပေးသည့် ကြားခံကိရိယာဖြစ်ပေသည်။ ထို့အပြင် အစိုးရ၏ လိုလားချက်ကို ပြည်သူများသိအောင် ဝေဖန်သုံးသပ်ပြရသကဲ့သို့ ပြည်သူ၏ လိုလားချက်များကိုလည်း အစိုးရသိအောင် မီးမောင်းထိုးပြခြင်းဖြင့် အပြန်အလှန်ထိန်းညှိပေးရလေသည်။

ထိုအလုပ်ကို မျက်မှောက်ကာလ ပေါ်ထွက်သော ဂျာနယ်များကဆောင်ရွက်ကြသဖြင့် သတင်းစာတစ်စောင်၏ တန်ဖိုးထက် ၁၀ ဆမက အဆ ၂၀ အထိရှိသော ဂျာနယ်များ၏ ဈေးကွက်ဖြစ်လာပါသည်။ ပြည်သူများက ငွေကြေးတန်ဖိုးကို အဓိကမထားဘဲ သတင်းတန်ဖိုးကို အလေးထားကာ ဂျာနယ်များကို တိုးတက်ဖတ်ရှုလာကြပါသည်။

မီဒီယာဟုခေါ်ဆိုသည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများထဲတွင် နိုင်ငံပိုင်သတင်းစာများလည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံပိုင်သတင်းစာများအနေဖြင့် အစိုးရဌာနဆိုင်ရာသတင်းများ လွှမ်းမိုးနေသည်မှန်သော်လည်း အဆိုပါသတင်းများကိုပင် တင်ပြပုံသွက်လက်ထက်မြက်ပြီး နယ်သတင်းများနှင့်ပေါင်းစပ်၍ အားကောင်းမောင်းသန်ဖြစ်လာမည်ဆိုပါက မိမိတို့စာဖတ်သူအားလုံးက ယခုသတင်းစာတန်ဖိုးထက် သုံးလေးဆခန့်ပိုပေး၍ ဖတ်ရန် ဝန်လေးမည်မဟုတ်ပါ။

ထို့ပြင် လက်ရှိအနေအထားအရ နိုင်ငံပိုင်သတင်းစာများအပေါ် မိမိတို့သတင်းစာဖတ်ပရိသတ်များက အားထားကြသည်။ အဘယ်ကြောင့်ဆိုသော် အစိုးရ၏ မူဝါဒနှင့် သတင်းထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ်သိနေရခြင်း၊ သတင်းဖော်ပြချက်များမှာ တိကျခိုင်မာသည့်အပြင် ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲများလည်း ကင်းစင်ခြင်း၊ နိုင်ငံနှင့် ပြည်သူအကျိုးအတွက် အပြုသဘောဆောင်ခြင်းနှင့် ကြော်ငြာများ ထည့်သွင်းဖော်ပြရာ၌ နိုင်ငံပိုင်သတင်းစာများသာ တရားဝင်သဘောဆောင်ခြင်းတို့ကြောင့် ဖြစ်သည်။

သို့သော် အဆိုပါအချက်များကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထဲထဲဝင်ဝင် ရောက်ရှိဖို့လိုပေမည်။ အဘယ်ကြောင့်ဆိုသော် သတင်း၊ ဖြစ်စဉ်နှင့် ကြော်ငြာများကို အလျင်အမြန်ဖော်ပြပေးပြီး သတင်းစာကို စောစီးစွာ ရိုက်နှိပ်နိုင်သော်လည်း အချို့နေရာဒေသများအတွက် သတင်းစာပို့ဆောင်ဖြန့်ချိမှုစနစ်မှာ နှေးကွေးနေသေးသည်ကို တွေ့ရှိရဆဲဖြစ်ပါသည်။ သတင်းစာဖတ်သူ၏သဘောသဘာဝမှာ သတင်းစာတစ်စောင်ကို မိုးလင်းသည်နှင့် ဖတ်ရှုလိုကြပါသည်။ ထိုမှ မရလျှင် နေမတက်မီ ဖတ်ရှုလိုကြပါသည်။ ထိုမှအဆင့်လျော့၍ မွန်းလွဲ၊ ညနေမှသည် နေ့ကူးသွားပြီ ဆိုလျှင်မူ မည်ရွေ့မည်မျှ သတင်းဦး၊ သတင်းထူးပါဝင်သည်ဖြစ်စေ သတင်းစာအပေါ် စိတ်ဝင်စားမှုလျော့နည်းပြီး သတင်းစာတစ်စောင်၏ တန်ဖိုးလျော့ကျသွားမည်သာဖြစ်သည်။ သတင်းစာအသက် တစ်မနက်ဆိုသည့် စကားအတိုင်း သတင်းစာတစ်စောင်၏ တန်ဖိုးသည် နံနက်နေအထွက်တွင် တန်ဖိုးအမြင့်ဆုံးဖြစ်ပြီး နေမြင့်မွန်းလွဲသည်နှင့် တန်ဖိုးတစ်စတစ်စ ယုတ်လျော့ကျဆင်းသွားလေသည်။

သတင်းစာဖတ်ပြည်သူတစ်ဦးအနေဖြင့် နိုင်ငံပိုင်သတင်းစာများအပေါ် အားမနာတမ်းဝေဖန်သုံးသပ်ရမည်ဆိုလျှင် သတင်းစာများ၏ လက်ရှိဖော်ပြနေသောအကြောင်းအရာများ၊ အပြင်အဆင်များဆန်းသစ်ရန်လိုသေးသည်မှာ အမှန်ပင်ဖြစ်သည်။ နိုင်ငံတကာသတင်းစာများ၏ စံနှုန်းကိုမီရန်လည်းလိုသည်။ ပြုပြင်သင့်သည်များကို ရဲရဲတင်းတင်းပြုပြင်ပြီး အများစိတ်ဝင်စားအောင်ဖော်ပြပေးသင့်သည်။ တကယ်တမ်း၌ နိုင်ငံပိုင်သတင်းစာများတွင် ဌာနဆိုင်ရာသတင်းများ ၈၀ ရာခိုင်နှုန်းခန့်လွှမ်းမိုးနေပြီး အများနှင့်သက်ဆိုင်သော ပြည်သူအများစိတ်ဝင်စားသော သတင်းများမှာ ၂၀ရာခိုင်နှုန်းခန့်သာပါရှိသည်။ အမှန်တကယ်ဖြစ်သင့်သည်မှာ အများစိတ်ဝင်စားသော သတင်းကို ရာခိုင်နှုန်း ၆၀ ခန့်ထား၍ ဌာနဆိုင်ရာသတင်းများကို ရာခိုင်နှုန်း ၄၀ ထားလျှင် စာဖတ်သူများ နိုင်ငံပိုင်သတင်းစာအပေါ် ယခုထက်ပို၍ အာရုံစူးစိုက်လာကြမည်မှာ အမှန်ပင်ဖြစ်သည်။

လက်တွေ့တွင် နိုင်ငံပိုင်သတင်းစာများသည် အကြောင်းအရာ၊ အရေးအသားနှင့် အသွင်အပြင်ပိုင်း၌ ကြိုးစားပြောင်းလဲလာခဲ့သော်လည်း ပီပြင်အောင် လက်စွမ်းမပြနိုင်သေးသည်မှာ အမှန်ပင်ဖြစ်သည်။ အကြောင်းအရာပိုင်း၊ အရေးအသားပိုင်းနှင့် အသွင်အပြင်ပိုင်းတို့ ဆန်းသစ်စေရေးကို မျက်ခြည်မပြတ်သင့်ပေ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို သူ့ထက်ငါဦးအောင်၊ အများအတွက် အကျိုးရှိသော သတင်းဦး၊ သတင်းထူးများကို ပြည်သူများထံအမြန်ဆုံးရောက်ရှိအောင် ပေးပို့ဆောင်ရွက်လျက်ရှိသည် မှန်သော်လည်း ယခုထက်ပိုမိုကြိုးစားလျှင် ပို၍ခရီးရောက်မည် ဖြစ်ပါသည်။

ယခု နိုင်ငံပိုင်သတင်းစာများ၌ အကြောင်းအရာပိုင်း၊ အရေးအသားပိုင်း ပြောင်းလဲဆန်းသစ်မှုများဖြင့် ကြိုးစားလာကြသည်ကို အထိုက်အလျောက်တွေ့ရသည်။ နိုင်ငံအတွက်လည်း မထိခိုက်စေ၊ ပြည်သူများအတွက်လည်း အကျိုးဖြစ်ထွန်းစေလျှင် ရဲရဲဝံ့ဝံ့ဖော်ပြသင့်သည်။ သတင်းစာဟူသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အကြား ပေါင်းကူးဆက်သွယ်ပေးသည့် မီဒီယာပေါင်းကူးတံတားဖြစ်သကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အကြားတွင် မှန်ကန်သော သတင်းအချက်အလက်များကို မြန်မြန်ဆန်ဆန်ပေးပို့ခြင်းဖြင့် စတုတ္ထမဏ္ဍိုင်အခန်းကဏ္ဍတာဝန်ကို ကျေပွန်ရန်ဖြစ်ပါသည်။ လက်တွေ့တွင် ဖတ်လိုရာရာများ ဖွယ်ဖွယ်ရာရာပါဝင်လာသည်မှန်သော်လည်း အကြောင်းအရာကိုဦးစားပေးရမည့် သတင်းများအစား ပုဂ္ဂိုလ်ရေးကိုဦးစားပေးသော သတင်းများကသာ နေရာအတော်များများ ယူထားဆဲဖြစ်မည်ဟု ဆိုချင်ပါသည်။

ဤသည်တို့မှာ သတင်းစာဖတ်ပရိသတ်တစ်ဦးအနေဖြင့်သော်လည်းကောင်း၊ သတင်းစာအပေါ်သံယောဇဉ်ရှိသည့် ပြည်သူတစ်ဦးအနေဖြင့်သော်လည်းကောင်း ဂုဏ်ရှိန်မြင့်မားသော နိုင်ငံပိုင်သတင်းစာကြီးများဖြစ်စေလိုသော စေတနာဆန္ဒဖြင့် ပြည်သူ့အမြင်၊ ပြည်သူ့ဆန္ဒများကို ကိုယ်စားပြု၍ ပွင့်လင်းရိုးသားစွာ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

မိမိအနေဖြင့် နိုင်ငံပိုင်သတင်းစာများအပေါ် နှစ်ပေါင်း ၃၀ ကျော် ခင်တွယ်လာခဲ့သူဖြစ်ရာ စေတနာအရင်းခံဖြင့် တင်ပြခြင်းလည်းဖြစ်သည့်အပြင် ယနေ့သတင်းစာများ၏ အခက်အခဲများကိုလည်း နားလည်စာနာပြီးဖြစ်ပေသည်။ သတင်းစာအသိုင်းအဝိုင်းရှိ မိတ်ဆွေအပေါင်းအသင်းများမှတစ်ဆင့် သတင်းစာလုပ်ငန်းအကြောင်းကိုလည်း အတန်အသင့်တီးမိခေါက်မိ လေ့လာမှတ်သားဖူးပါသည်။ သတင်းစာ ထုတ်လုပ်ရေးအလုပ်မှာ လွယ်ကူသောအလုပ်မဟုတ်ဟု သိရပါသည်။

သတင်းထောက်များက တစ်နေ့တာရှာဖွေရရှိသော သတင်းများ(စားဖွယ်များ)ကို (အချိုအချဉ်၊အငန်၊အစပ်အရသာရှိ ဟင်းလျာတစ်ခွက်ဖြစ်အောင်) စားဖိုမှူးအယ်ဒီတာများက ညပိုင်းတွင်အချိန်မီ၊ အချိန်ကိုက် (On Time,In Time) ဝင်အောင် အလျင်အမြန် ချက်ပြုတ်ကြသကဲ့သို့ ပြုစုတည်းဖြတ်ပြင်ဆင်ဆောင်ရွက်ကြရပါသည်။ တစ်နည်းဆိုသော် သတင်းစာတစ်စောင်ဖြစ်မြောက်အောင် ပြုလုပ်ခြင်းသည် မသိုးသက်န်းရက်လုပ်ခြင်းနှင့်တူပြီး နံနက်အရုဏ်တက်၌ ချည်ချော၊ ချည်လွဲမပါဘဲ ကောင်းမွန်သောသင်္ကန်းတစ်ထည်ဖြစ်အောင် ညဦးကတည်းက ရက်လုပ်ရသကဲ့သို့ အယ်ဒီတာများ၊ စာပြင်ဆရာများ၊ ကွန်ပျူတာအဖွဲ့သားများ၊ ဖိုတိုလစ်သိုအဖွဲ့သားများ၊ စက်ဆရာများက နံနက်မိုးမလင်းမီ အမှားအယွင်းကင်းစင်ပြီး ပြည်သူစိတ်ဝင်စားသည့် သတင်းစာကောင်းတစ်စောင် ထွက်ရှိအောင် တက်ညီလက်ညီ သူ့တာဝန်နှင့်သူ ဝိုင်းဝန်းလုပ်ဆောင်ကြရသည်ဟု ဆိုပါသည်။

နံနက်မိုးလင်း၍ သတင်းစာတစ်စောင် ပြည်သူ့လက်ဝယ်သို့ ရောက်ရှိပြီးနောက် စာဖတ်သူတို့က တစ်ခဏတာသာ ဖတ်ရှုကြပါသည်။ သတင်းစာဖတ်ခြင်းကိစ္စ ပြီးဆုံးသွားသောအခါ ထိုနေ့ထုတ်သတင်းစာသည် အသုံးမဝင်တော့သည့်အခြေသို့ ရောက်သွားပါသည်။ ထို့ကြောင့် သတင်းစာအသက် တစ်မနက်ဟု အလွယ်ဆိုကြသော်လည်း သတင်းစာတစ်စောင်ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်မှု၊ အရင်းအနှီးစိုက်ထုတ်မှုများမှာ များပြားလှပါသည်။ လက်ရှိနိုင်ငံပိုင် သတင်းစာတစ်စောင်ထွက်ရှိရေးအတွက် အမြတ်အစွန်းကိုမကြည့်ဘဲ ပြည်သူများ သက်သာလွယ်ကူစွာ ဖတ်ရှုနိုင်အောင် အရှုံးခံထုတ်ဝေပေးနေသည်ဟု လေ့လာသိရှိရပါသည်။ အမှန်တကယ်လည်း သတင်းစာတစ်စောင်ဖြစ်လာရန်အတွက် ကုန်ကြမ်းတန်ဖိုး၊ စက်ပစ္စည်းတန်ဖိုး၊ လစာနှင့် စရိတ်၊ သတင်းချီးမြှင့်ခငွေများ စုပေါင်းလိုက်လျှင် အမှန်ကုန်ကျစရိတ်တန်ဖိုးမှာ ယခုရောင်းချနေသော တစ်စောင်လျှင် ကျပ် ၅၀ ထက် များစွာပိုမည်ဟု ယုံကြည်ပါသည်။ သတင်းစာတစ်စောင် ကျပ် ၅၀ ဆိုသည့် တန်ဖိုးမှာ မည်သည့်နိုင်ငံတွင်မှ ရှိမည်မဟုတ်တော့ပါ။ ထိုင်းနိုင်ငံထုတ် ဗန်ကောက်ပို့စ်သတင်းစာတစ်စောင်လျှင် ဘတ် ၃၀ (မြန်မာငွေဖြင့် ကျပ် ၇၅၀ ကျော်)၊ တရုတ်နိုင်ငံထုတ် ချိုင်းနားဒေးလီး သတင်းစာတစ်စောင်လျှင် ၁ ဒသမ ၅ ယွမ်(မြန်မာငွေကျပ် ၂၅၀ ခန့်)၊ ဂျပန်နိုင်ငံထုတ် အဆာဟိရှင်ဘွန်း၊ ယူမီယူရီရှင်ဘွန်း သတင်းစာတစ်စောင်လျှင် ယန်း ၁၂၀ (မြန်မာငွေကျပ် ၁၅၀၀ ခန့်)၊ အင်တာနေရှင်နယ် ဟာရယ်ထရီဗျူးန်သတင်းစာတစ်စောင်လျှင် သုံးဒေါ်လာ (မြန်မာငွေကျပ် ၂၄၀၀ ခန့်)ရှိသည်ဟု သိရှိထားရာ မြန်မာသတင်းစာတစ်စောင် ကျပ် ၅၀ ဟူသည်မှာ စိတ်ကူးနှင့်ပင် မယုံကြည်နိုင်လောက်အောင် နည်းပါးလှသော တန်ဖိုးပမာဏဖြစ်လေသည်။

နိုင်ငံပိုင်သတင်းစာများတွင် တန်ဖိုးမြင့်မားသည့် သတင်းများ ယခုထက် ပိုမိုပါဝင်လာမည်ဆိုပါက စာဖတ်သူများအနေဖြင့် လက်ရှိသတင်းစာဈေးနှုန်း တစ်စောင် ကျပ် ၅၀ ထက် သုံးလေးဆပိုပေးရန် ဝန်လေးမည်မဟုတ်ပါ။ သတင်းစာကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသည်ဖြစ်ရာ ယခုအခါ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံခြားငွေတန်ဖိုးကို နှုန်းရှင်ကျပ် ၈၀၀ ကျော်ဝန်းကျင်သို့ နေ့စဉ်ပြင်ဆင်သတ်မှတ်ပေးလျက်ရှိသည့်အတွက် သတင်းစာသုံး ကုန်ကြမ်းပစ္စည်းတန်ဖိုးမှာလည်း ယခင်ကထက် အဆပေါင်းများစွာ မြင့်တက်သွားနိုင်သည်ကို ထည့်သွင်းစဉ်းစားမိပါသည်။

သို့ဖြစ်၍ သတင်းစာတစ်စောင်၏ တန်ဖိုးမှာ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အခြေအနေအချိန်အခါကိုလိုက်၍ မြင့်တင်သွားရမည်သာ ဖြစ်ပါသည်။ တစ်ဖက်က ပြည်သူ့အကြိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်ပြီး တစ်ဖက်ကလည်း ရေရှည်ရပ်တည်ရှင်သန်နိုင်မည့် သင့်လျော်လျောက်ပတ်သော ဈေးနှုန်းပြောင်းလဲမှု ရှိရမည်ဟု ယူဆပါသည်။ လက်ရှိငွေကြေးစနစ်အရ သတင်းစာထုတ်လုပ်ကုန်ကျစရိတ်များလာသည်မှန်သော်လည်း တစ်ဖက်က သတင်းစာကပေးနိုင်သော သတင်းတန်ဖိုးမြင့်မားပါက သတင်းစာဖတ်ပရိသတ်များအနေဖြင့် တိုးမြင့်လာမည့် ဈေးနှုန်းကိုမမှုဘဲ ဝယ်ယူဖတ်ရှုကြမည်ဟု သုံးသပ်မိပါသည်။ အပြန်အလှန်အားဖြင့် သတင်းစာတစ်စောင်၌ သတင်းတန်ဖိုး မြင့်မြင့်မားမား များပြားစွာ ဖော်ပြပေးနိုင်ရေးအတွက် ငွေကြေးပိုမိုစိုက်ထုတ်ကုန်ကျလာမည့် အခြေအနေများလည်း ရှိလာမည်ဖြစ်ပါသည်။

သတင်းစာတစ်စောင်တွင် ပါဝင်သမျှ အကြောင်းအရာအားလုံးမှာ သတင်းချည်းသာဖြစ်ပါသည်။ အဖိုးတန်သည့် သတင်းများအတွက် သတင်းစာနှင့် ဂျာနယ်တို့တွင် ငွေပေးဝယ်ယူရသည့် သတင်းများရှိသကဲ့သို့ ငွေလည်းရ၊ သတင်းလည်းရသည့် သတင်းများလည်းရှိပါသည်။ ထို့အပြင် ငွေလည်းမကုန် သတင်းလည်းရသော အဖိုးတန်သတင်းများလည်းရှိပါသည်။

ငွေပေးရသည့် သတင်းဆိုသည်မှာ တိုက်ပိုင်သတင်းထောက်များ၊ ကော်လံစား သတင်းထောက်များထံမှရရှိသော သတင်းဦး၊ သတင်းထူး သတင်းများဖြစ်ပါသည်။ ထိုသတင်းများကို ရရှိရန်အတွက် သတင်းစာတိုက်များမှ ချီးမြှင့်ငွေကော်လံခကြေး အစားစားပေးပြီး ရယူကြရသည်ဟု ဆိုပါသည်။ ငွေလည်းရ၊ သတင်းလည်းရသော သတင်းဆိုသည်မှာ ကြော်ငြာဖြစ်လေသည်။ ကြော်ငြာဆိုသည်မှာ သတင်းတစ်မျိုးပင် ဖြစ်သည်။ မည်သည့်ကုန်ပစ္စည်းများ၊ မည်သည့်ဌာနမှထွက်သည်၊ မည်မျှပေးလျှင် မည်မျှရနိုင်သည်တို့မှာ ကုန်ပစ္စည်းအလိုရှိသူများ၊ လုပ်ငန်းကိုင်ငန်း၊ အမှုကိစ္စများရှိသူများအတွက် ဆိုင်ရာဆိုင်ရာသတင်းများပင် ဖြစ်သည်။

မည်သည့်အမှု၊ မည်သည့်ကိစ္စအတွက် ကြော်ငြာမောင်းခတ်သည့် ကောင်းသတင်း၊ မကောင်းသတင်းများလည်း တွေ့ရသည်။ ယုတ်စွအဆုံး နာရေးကြော်ငြာသည်ပင် ဩကာသလောကသားတို့၏ အနိစ္စသဘောကို နေ့စဉ်သံဝေဂယူဖွယ် ဖော်ပြနေသကဲ့သို့ဖြစ်သည်။ ဤကြော်ငြာသတင်းသည် ဂျာနယ်များထက် ပိုမိုထူးသော သတင်းစာတို့၏ အားသာချက်ပင်ဖြစ်သည်။ အယ်ဒီတာ့ထံပေးစာကဲ့သို့ မည်သည့်မြို့၊ မည်သည့်ရပ်ကွက်၊ မည်သည့်နေရာတွင် မည်သို့ဖြစ်နေသည်၊ မည်သို့ပြုပြင်ဖို့လိုနေသည် စသည့်သတင်းများမှာမူ သတင်းစာတိုက်အတွက် ငွေမပေးရ၊ ငွေလည်းမရသော သတင်းများသာ ဖြစ်လေသည်။

ခြုံငုံသုံးသပ်တင်ပြရလျှင် သတင်းစာတစ်စောင်၏ အသက်သည် တစ်မနက်စာသာဖြစ်သော်လည်း ထိုသတင်းစာတစ်စောင်၏ တန်ဖိုးဖြစ်သည့် ထုတ်လုပ်မှုကုန်ကျစရိတ် အရင်းအနှီးပမာဏမှာ များပြားလှသည်ကို နားလည်လက်ခံထားပြီး ဖြစ်ပါသည်။ ပြည်ပနိုင်ငံမှ ကုန်ကြမ်းပစ္စည်းများကို အားပြုရသည့် သတင်းစာလုပ်ငန်းတွင် ဈေးကွက်စီးပွားရေးစနစ်အရ မြင့်မားလာသော ငွေကြေးတန်ဖိုးနှင့်အညီ ထုတ်လုပ်မှုစရိတ်လည်း မြင့်တက်လာမည်မှာ အမှန်ဖြစ်ပါသည်။ ထိုမြင့်မားမှုနှင့်အတူ သတင်းစာတစ်စောင်၏ တန်ဖိုးဖြစ်သည့် သတင်းတန်ဖိုးကိုလည်း မြှင့်တင်လာမည်ဟု ယုံကြည်ပါသည်။ သတင်းစာဖတ်ပြည်သူ လက်ခံနှစ်သက်စေမည့် တန်ဖိုးရှိ သတင်းဦး၊ သတင်းထူးနှင့် ဖတ်ဖွယ်၊ ဖတ်ရာများထည့်သွင်းဖော်ပြနိုင်ရန်အတွက် သတင်းချီးမြှင့်ငွေများကိုလည်း သတင်းစာတစ်စောင်လုံးအတွက် ဖြည့်ဆည်းပေးရဦးမည် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ သတင်းစာတစ်စောင်၏ သတင်းတန်ဖိုးမြင့်မားလာသည်နှင့်အမျှ သတင်းစာဖတ်ပရိသတ်၏ နှစ်သက်လက်ခံမှုလည်း မြင့်မားလာမည်ဖြစ်ရာ နိုင်ငံပိုင်သတင်းစာများအနေဖြင့် ပါဝင်သည့်သတင်းတန်ဖိုးမြှင့်တင်ရေးကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းတည်ဆောက်သင့်ပါသည်။ ထိုသို့တည်ဆောက်ရသည့်အတွက် ကုန်ကျစရိတ်ပိုမိုမြင့်မားလာမှုအတွက်လည်း စာဖတ်ပရိသတ်အပေါ် စိုးရိမ်မှုမရှိဘဲ သင့်လျော်လျောက်ပတ်သည့် ဈေးနှုန်းတစ်ရပ်သို့ ပြောင်းလဲတိုးမြှင့်တောင်းခံသင့်ပါသည်။ ယနေ့အခါတွင် ကျပ် ၅၀ ဆိုသည်မှာ လက်ဖက်ရည်တစ်ခွက်တန်ဖိုး၏ ငါးပုံတစ်ပုံ၊ ခြောက်ပုံတစ်ပုံ တန်ဖိုးသာဖြစ်ပါသည်။ လက်ဖက်ရည်တစ်ခွက်မသောက်လျှင် သတင်းစာ ငါးစောင်၊ ခြောက်စောင်ရနိုင်သည့် အလွန်နည်းပါးလှသော တန်ဖိုးပမာဏဖြစ်နေသည်မှာ အမှန်စင်စစ် ခေတ်စနစ်နှင့် မကိုက်ညီတော့သလို သင့်လည်း မသင့်လျော်တော့ပါ။

မိမိတို့သတင်းစာဖတ်ပြည်သူများအနေဖြင့် သတင်းစာတစ်စောင်၏ အဖိုးအခထက် သတင်းစာတစ်စောင်တွင် တန်ဖိုးရှိသောသတင်းများပါရှိရေးကိုသာ မျှော်လင့်ပါသည်။ ပြောင်းလဲလာသော မီဒီယာခေတ်တွင် နိုင်ငံပိုင်သတင်းစာများအနေဖြင့် ခံ့ခံ့ထည်ထည် ကြန့်ခြေရရ ပြည်သူ့အကြိုက် သတင်းစာကြီးများအဖြစ် ဆက်လက်ရပ်တည်ကာ စတုတ္ထမဏ္ဍိုင်ကို ပီပြင်စွာ ဆက်လက်ဖော်ဆောင်ပေးနိုင်ကြစေရန်အတွက် နှစ်ပေါင်း ၃၀ ကျော် စွဲမြဲစွာ ဖတ်ရှုအားပေးလာသည့် သတင်းစာဖတ်ပရိသတ်များကိုယ်စား ဆန္ဒပြုတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးရွာနိုင်

နေပြည်တော် မေ ၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၇ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် သင်တန်းဖွင့်ပွဲများတက်ရောက်

နေပြည်တော် မေ ၈

မေ ၇ ရက် နံနက်ပိုင်းက မုံရွာခရိုင် ယင်းမာပင်မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၆)နှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၂၀) ဖွင့်ပွဲများ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယင်းမာပင်မြို့နယ် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးပဒေသာပင် အလှူငွေများပေးအပ်ကာ ဝင်းသူဇာအရောင်းဆိုင်နှင့် ယင်းမာပင်-ရွာထောင် ချောင်းကူးတံတား ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှာကြား

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦး ခင် မောင်အေး မိတ္ထီလာမြို့ နယ် ရှိ နွားမွေးမြူရေးအစု အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

■ *ကျော့ဖုံးမှ*

တတိယနည်းလမ်းအနေဖြင့် ကျွမ်းကျင်ပညာရှင်များအား မြန်မာနိုင်ငံသို့ စေလွှတ်ကာ ခရီးသွားလုပ်ငန်းဆိုင်ရာ Workshop များ၊ သင်တန်းများကို ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများအတွက် ဖွင့်လှစ်ပေးခြင်းတို့ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံကို ကမ္ဘာက သိရှိလာပြီဖြစ်ကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိလာစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် ခရီးသွားလုပ်ငန်းဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည်ကို သိရှိပါကြောင်း၊ သို့ဖြစ်၍ ယင်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးအတွက် အရေးကြီးသောကဏ္ဍတစ်ရပ်တွင် ပါဝင်သောလုပ်ငန်းတစ်ခု ဖြစ်ကြောင်းနှင့် ခရီးသွားလုပ်ငန်း၏ ကောင်းကျိုး ဆိုးကျိုးများ၊ ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူပြုနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ကြောင်းကိုလည်း သိရှိပါကြောင်း၊ ထို့ကြောင့်လုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများပေး၍ ခရီးသွားလုပ်ငန်းများတွင် ရင်းနှီးလုပ်ကိုင်ရန် တွန်းအားပေးဆောင်ရွက်လျက် ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးတို့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး)၊ ဌာနဆိုင်ရာ တာဝန်ခံအရာရှိကြီးများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးရန်ဝင်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျော့ဖုံးမှ*

ပဲပုပ်ပင်နှင့်မျိုးစပ်ထုတ်လုပ်ခြင်းဖြင့် ပဲပုပ်မျိုးများမှာ မိုးခေါင်ဒဏ်ခံနိုင်ပြီး အထွက်နှုန်းပို၍ကောင်းစေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

သူမ၏စိုက်ပျိုးရေးအဖွဲ့သည် အာဂျင်တီးနားပဲပုပ်ထုတ်လုပ်သူ တောင်သူလယ်သမားများအား အဆိုပါပဲပုပ်မျိုးစေ့ထုတ်လုပ်ပေးရန် သဘောတူလက်မှတ်ရေးထိုးထားပြီဖြစ်ကြောင်း သိရသည်။ သူမ၏သုတေသနအဖွဲ့သည် အဆိုပါ မိုးခေါင်ဒဏ်ခံနိုင်သည့် နေကြာမျိုးဗီဇကို ပဲပုပ်၊ ဂျုံနှင့် ပြောင်းသီးနှံတို့နှင့် သုတေသနပြုစမ်းသပ်ခဲ့သည်။

ပဲပုပ်သည် အာဂျင်တီးနားနိုင်ငံ၏ ဝင်ငွေအရဆုံးသီးနှံဖြစ်သည်။ ပဲပုပ်ဆီနှင့် ပဲပုပ်အမှုန့်တို့ကို အဓိကတင်ပို့ရောင်းချနေသည့် နိုင်ငံလည်းဖြစ်သည်။

ယင်းစိုက်ပျိုးရေးနည်းပညာကို သုတေသနပြုစမ်းသပ်တွေ့ရှိခဲ့သဖြင့် နှစ်စဉ် အာဂျင်တီးနားနိုင်ငံအတွက် ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ တိုးလာနိုင်ကြောင်းလည်း သုတေသီများက ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲပုပ်ဆီအများဆုံးတင်ပို့ရောင်းချနေသည့် နိုင်ငံဖြစ်သည်။ ပဲပုပ်စေ့ကိုမူ တတိယအများဆုံးတင်ပို့လျက်ရှိသည်။ **(အင်တာနက်)**

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီးဦးခင်မောင်အေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် မေ ၅ ရက်မှ ၇ ရက်အထိ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ တံတားဦး၊ ပြင်ဦးလွင်နှင့် စဉ့်ကူးမြို့နယ်များ၌ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေး၊ နွားနို့ ထုတ်လုပ်မှုမြင့်မားလာရေးနှင့် မွေးမြူသူများ ဝင်ငွေတိုးစေရေးတို့အတွက် နွားမွေးမြူရေးအစုအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

သမဝါယမဝန်ကြီးဌာနက မွေးမြူရေး အစုအဖွဲ့ဝင်များအား နို့ကုန်ထုတ်အခြေခံကျေးရွာ သမဝါယမအသင်းများအဖြစ် ဖွဲ့စည်းပြီး မိတ္ထီလာ၊ စဉ့်ကိုင်၊ တံတားဦး၊ ပြင်ဦးလွင်နှင့် စဉ့်ကူးမြို့များရှိ နို့စားနွားမွေးမြူရေးအစုအဖွဲ့ စုစုပေါင်း ၁၃ ဖွဲ့မှ အဖွဲ့ဝင် ၁၀၀၇ ဦးသို့ ချေးငွေကျပ် ၅၀၃ ဒသမ ၅ သိန်း ထုတ်ချေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာဘဲမွေးမြူရေးအစုအဖွဲ့သို့ နှစ်လခွဲသား ဥစားဘဲမကောင်ရေ ၂၀၀ အား ၁၈ လတွင် ပြန်လည်ပေးဆပ်သည့် စနစ်ဖြင့် မွေးမြူနိုင်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူး ကရင်ပြည်နယ် ကုန်သည်/စက်မှုအသင်းနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်သည် ဘားအံမြို့သို့ သွားရောက်၍ ဧပြီ ၂၅ ရက် နံနက် ၁၁ နာရီက ကရင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့်အမှုဆောင်များ၊ အသင်းသားများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ဘားအံမြို့ ဂရင်းဟေးလ်ဟိုတယ်ခန်းမ၌ တွေ့ဆုံပြီး ကုန်သည်အသင်းများ၏လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေး၊ ကုန်သွယ်မှုနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသင်း၏နှစ်ပတ်လည် အစည်းအဝေးများကို စနစ်တကျကျင်းပနိုင်ရေး၊ အသင်းသားဦးရေတိုးတက်လာရေးနှင့် ဝင်ရောက်ထားပြီး အသင်းသားများအား ကျစ်လျစ်ခိုင်မာအောင်စည်းရုံးရေး စသောလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များလည်း တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုလက်မှုအသင်းချုပ်)**

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ပင်းဇင်းကျေးရွာတွင် ပဉ္စမအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်းဆင်းပွဲကို ဧပြီ ၃၀ ရက်က ပင်းဇင်းရွာ လောကမာရဇိန်ကျောင်းတိုက်၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟသ်ာတ၌ အသိပညာပေးဟောပြော

ဟသ်ာတ မေ ၈

ဟသ်ာတခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဟသ်ာတမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ မော်တော်ယာဉ်များသတ်မှတ်လမ်းကြောင်းအတိုင်း သွားလာစေရေး၊ လမ်းညွှန် လမ်းအမှတ်အသားများနှင့် အချက်ပြများ လိုက်နာစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၉ ရက် ည ၇နာရီက ကညန ခရိုင်ရုံး(ဟသ်ာတ) ရုံးဝင်းအတွင်းကျင်းပရာ ဟသ်ာတမြို့နယ်အတွင်းရှိ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်မှုကော်မတီဝင်နှင့် ဂိတ်ပိုင်ရှင်များ၊ ပဒေသာဈေးနှင့် ဌေးဝင်းဈေးတို့မှ ဈေးကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဟသ်ာတမြို့နယ် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှမြင့်က လုပ်ငန်းလိုင်စင်ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကညနမှ ခရိုင်ဦးစီးမှူး ဦးအောင်ဝင်း-၁ က ယာဉ်အန္တရာယ်ကင်းရှင်းရေးသည် အရေးကြီးကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ဧရာဝတီတိုင်းဒေသကြီး၏ မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားသည့် ယာဉ်တိုက်မှု ဒဏ်ရာရရှိမှု၊ သေဆုံးမှုမှာ စိုးရိမ်ရသည့် အနေအထားတွင်ရှိနေသည့် အခြေအနေ၊ ဟသ်ာတမြို့နယ်အတွင်း ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ဟသ်ာတမြို့နယ်အတွင်း ယာဉ်ရပ်နားရန်နေရာ၊ ယာဉ်မရပ်ရ၊ ယာဉ်မဝင်ရနေရာ၊ တစ်လမ်းမောင်း၊ နှစ်လမ်းမောင်း သတ်မှတ်သည့်လမ်းများ၊ အချိန်ကာလကန့်သတ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ပညာပေးကာလနှင့်အရေးယူဆောင်ရွက်မည့် စီမံချက်စတင်မည့် ကာလတို့ကို ပရိုဂျက်တာဖြင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာမှူး ဦးစိုးမြင့်နှင့် ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲအုပ်ဇော်ဇော်တို့က လုပ်ငန်းအလိုက်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသူများက သိလိုသည့်အချက်များ၊ မရှင်းလင်းသည့်အချက်များကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ) (၀၇၅)**

ပုဇွန်တောင်မြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

ရန်ကုန် မေ ၈

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် စာရေးဆရာအသင်းဖွဲ့စည်းရေးအခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီက ပုဇွန်တောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရနှင့် စာရေးဆရာအသင်း ဗဟိုအမှုဆောင် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဗဟိုအမှုဆောင်ဦးခင်ဆွေ (စာရေးဆရာ ရွှေစွန်ညို)၊ စာရေးဆရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ဦးခင်အောင် (သတင်းထောက်ခင်အောင်)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူးဦးသန်းထွန်း(သီဟဧရာဝတီ)က ဆောင်ရွက်သည်။ သဘာပတိ ဦးခင်အောင် (သတင်းထောက်ခင်အောင်)က အမှာစကားပြောကြားပြီး အခမ်းအနားမှူးက ပဉ္စမအကြိမ် အရေးပေါ် အစည်းအဝေး အတွေ့အကြုံကို တင်ပြသည်။ ထို့နောက် စာရေးဆရာအသင်း ဗဟိုအမှုဆောင် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးစန်းမြင့်(ရေကျော်စိုးအောင်)က အစီရင်ခံစာကို ဖတ်ကြားတင်ပြအတည်ပြုကာ မြို့နယ်နာယကအဖွဲ့ကို ဦးခင်မောင်လေး (ဖိုးသောကြာ)၊ ဦးလှကြွယ် (တက္ကသိုလ်လှကြွယ်)၊ ဦးကျော်ရိုး(ဦးပြည့်စုံ)၊ ဦးမျိုးမြင့် (တက္ကသိုလ်မျိုး)၊ ဦးခင်အောင် (သတင်းထောက်ခင်အောင်)နှင့် လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ ဦးညီညီအောင် (ညီညီအောင်)၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်သာ(မောင်သိန်းရ)၊ အတွင်းရေးမှူး ဦးသန်းထွန်း(သီဟဧရာဝတီ)၊ တွဲဖက်အတွင်းရေးမှူး ဦးစန်းမြင့်(ရေကျော်စိုးအောင်)၊ ဘဏ္ဍာရေးမှူး ဒေါ်နီလာထွန်း(နီလာထွန်း)၊ အလုပ်အမှုဆောင်များအဖြစ် ဦးကျော်လင်း (ဇူးကျော်)နှင့် ဦးဝေမြင့်(မင်းရဲသခ်) တို့ဖြင့်လည်းကောင်း ရွေးချယ်ဖွဲ့စည်းပြီး ညီလာခံကိုယ်စားလှယ်အဖြစ်ဥက္ကဋ္ဌ ဦးညီညီအောင် (ညီညီအောင်)နှင့် အတွင်းရေးမှူး ဦးသန်းထွန်း(သီဟဧရာဝတီ) တို့ကို ရွေးချယ်ခဲ့ကြောင်း သိရှိရသည်။ (၃၂၅)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

နွေစပါးရိတ်သိမ်းရာသီတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရန် တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ ယခုအခါ စိုက်ပျိုးထားသော နွေစပါးများ ရိတ်သိမ်းလျက်ရှိပါသည်။

၂။ နွေစပါးရိတ်သိမ်းရာသီသည် မိုးဦးကျကာလသို့ ရောက်ရှိလာပြီဖြစ်ပါ၍ မိုးရွာသွန်းနေစဉ် စပါးရိတ်သိမ်းမှုကို မပြုလုပ်ရန်။

၃။ မိုးရွာသွန်းမှုနှင့် တိုက်ဆိုင်နေပါက မရိတ်သိမ်းရသေးသောစပါးခင်းရှိ စပါးစေ့များသည် ရိတ်သိမ်းပြီးကောက်လှိုင်းရှိ စပါးစေ့များထက် လေလွင့်ဆုံးရှုံးမှုသက်သာသဖြင့် မိုးရွာပြီးသည်အထိ စောင့်ဆိုင်းပြီးမှသာ ရိတ်သိမ်းကြရန်။

၄။ စပါးကောင်းမှ ဆန်ကောင်းရမည်ဖြစ်၍ ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြု၍ ရိတ်သိမ်းပါရန်။

၅။ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မရိတ်သိမ်းနိုင်သည့် နေရာဒေသများတွင် ရိတ်သိမ်းပြီးကောက်လှိုင်းများကို အမြန်ဆုံးခြွေလှေ့၍ အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။

၆။ ရိတ်သိမ်းရာတွင် တလင်းပျောက်စနစ်ကိုကျင့်သုံး၍ နီးစပ်ရာကုန်းမြင့်နေရာ ရွေးချယ်ပြီး စပါးခြွေလှေ့စက်အသုံးပြု၍ ချက်ချင်းခြွေလှေ့ပါရန်။

၇။ စပါးခြွေလှေ့ခြင်းကို ကျေးရွာရှိ ရိတ်သိမ်းခြွေလှေ့စက်များအား စုစည်း၍ စွမ်းအားပြည့်ဆောင်ရွက်ပါ။ လိုအပ်ပါက နီးစပ်ရာစက်မှုလယ်ယာဦးစီးဌာန၏ အကူအညီကို ရယူဆောင်ရွက်ရန်။

၈။ မိုးရွာသွန်း၍ ခြွေလှေ့ရန်အချိန်မမီပါက ကောက်လှိုင်းများကို အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။ ရွှေ့ပြောင်းရန်အချိန်မမီပါက ကောက်လှိုင်းစည်းများကို မိုးရေလျှောဆင်းနိုင်ရန် တစ်ဖက်ရပ်စုပုံထားပေးရန်။ လိုအပ်ပါက ယာယီအမိုးအကာဖုံးအုပ်ပေးရန်။

၉။ စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့်လည်းကောင်း၊ အင်အားစုဖွဲ့စနစ်ဖြင့်လည်းကောင်း လူအင်အားအပြည့်အဝဖြင့် စီမံဆောင်ရွက်ရန်။

၁၀။ မိုးမိလျှင် အစိုဓာတ်ကြောင့် စပါးများအစေ့အောက်ခြင်း၊ အရည်အသွေးကျဆင်းခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်တတ်သဖြင့် ခြွေလှေ့ပြီးစပါးများကို အစိုဓာတ် ၁၄ ရာခိုင်နှုန်းအထိရရှိအောင် အခြောက်ခံရန်။ လိုအပ်သော အစိုဓာတ်ပါဝင်မှုကို အစိုဓာတ်တိုင်းကိရိယာများဖြင့် အသုံးပြုစစ်ဆေးရန်။

၁၁။ လိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာနတွင် အစိုဓာတ်တိုင်းကိရိယာများရရှိရေး ဆက်သွယ်ဆောင်ရွက်ရန်။

၁၂။ အခြားလိုအပ်သော အကူအညီများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီရယူဆောင်ရွက်ရန်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ပရီမီယာလိဂ်ဝင်ခွင့် Play-off ပြိုင်ပွဲ ဝက်စ်ဟမ်းဗိုလ်လုပွဲတက်ရောက်

လန်ဒန် မေ ၈

ဝက်စ်ဟမ်းအသင်းနှင့် ကာဒစ်ဖ်အသင်းတို့သည် မေ ၇ ရက်ညပိုင်းက ပရီမီယာလိဂ်ဝင်ခွင့်နေရာ ရရှိရေးအတွက် Play-off အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် ယှဉ်ပြိုင်ကစားကြရာ ဝက်စ်ဟမ်းက သုံးဂိုးပြတ်ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

လွန်ခဲ့သည့် သီတင်းပတ်ကလည်း ပထမအကျော့ယှဉ်ပြိုင်ကစားစဉ် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဝက်စ်ဟမ်းအသင်းအတွက်အနိုင်ဂိုးများကို ပွဲစပြီး ၁၅မိနစ်အကြာ အသင်းခေါင်းဆောင်ကီဗင်နိုလန်က

ကာဒစ်ဖ်အသင်းကိုနိုင်ပြီး အောင်ပွဲခံနေသော ဝက်စ်ဟမ်းကစားသမားများ

မတ်တေလာ၏ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုးသွင်းယူပေးခဲ့သည်။ အနိုင်ဂိုးများကို ရီကာဒို ဗက်တေနှင့် နစ်ကီးမေနတ်တို့က သွင်းယူပေးခဲ့သည်။

ရောက်ရှိခဲ့

ဝက်စ်ဟမ်းအသင်းသည် လာမည့်မေ ၁၉ ရက်တွင် ဝင်ဘလေကွင်း၌ ဗိုလ်လုပွဲအဖြစ် ဘာမင်ဂမ် သို့မဟုတ် ဘလက်ပူးလ်နှင့်ကစားရမည်ဖြစ်သည်။ ဗိုလ်လုပွဲတွင် အနိုင်ရရှိပါက ပရီမီယာလိဂ်သို့ ပြန်ရောက်မည်ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ၁၉၈၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဝင်ဘလေကွင်းသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

ကွင်းလယ်ကစားသမားဒရက်ဇလာ ယူရိုပွဲတွင် ဂျာမနီအသင်းနှင့် အတူကစားမည်

မြူးနစ် မေ ၈

ဂျာမနီနည်းပြ ဂျိုအာချင်လိုက ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် ဆယ်ကျော်သက်ကွင်းလယ်ကစားသမား ဂျူလီယန် ဒရက်ဇလာနှင့် ဂိုးသမား မတ်အင်ဒရီတာစတီဂျင်တို့ကို ထည့်သွင်းရွေးချယ်ထားသည်။

ဒရက်ဇလာ (ဝဲပုံ) သည် ရှော်လ်ကေးအသင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ကွင်းလယ်ကစားသမားဖြစ်သည်။ အသက် ၁၈ နှစ်အရွယ်သာရှိသေးသည်။

ဂိုးသမားတာစတီဂျင်သည် မွန်ချန်ဂလက်ဘတ်တွင် ကစားနေသူဖြစ်သည်။ အသက် ၂၀ မျှသာရှိသေးသည်။ ဂျာမနီနည်းပြ ဂျိုအာချင်လိုက ယင်းကစားသမားနှစ်ဦးအား ပိုလန်နှင့်ယူကရိန်းတို့က အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ယူရို ၂၀၁၂အတွက် ကစားသမား ၂၇ ဦးစာရင်းတွင် ထည့်သွင်းရွေးချယ်ထားသည်။ မေ ၂၉ရက်တွင် အပြီးသတ် ၂၃ ဦးစာရင်းကို ဆန်ခါတင်ရွေးချယ်မည်ဖြစ်သည်။ ယူရို ၂၀၁၂ ပြိုင်ပွဲများကို ဇွန် ၈ ရက်တွင် စတင်ကစားမည်ဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲကို ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့၌ ကစားရမည်ဖြစ်သည်။ (အင်တာနက်)

ဒေးဗစ်ဟေးနှင့် ချီဆိုဒါ ဟဲဗီးဝိတ်ခါးပတ်လုပွဲထိုးသတ်ကြမည်



လန်ဒန် မေ ၈

ကမ္ဘာကျော်လက်ဝှေ့သမားများဖြစ်ကြသည့် ဒေးဗစ်ဟေး နှင့် ဒါရက်ချီဆိုဒါတို့ **(ယာပုံ)**သည် လာမည့်ဇူလိုင် ၁၄ ရက်တွင် လန်ဒန်မြို့ အပ်တန်ပတ်ခ်၌ ဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုပွဲ အဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ ဗြိတိသျှဟဲဗီးဝိတ်လက်ဝှေ့သမားနှစ်ဦးသည် မြူးနစ်မြို့၌ ဗစ်တာလီကလစ်ချ်ကိုက ချီဆိုဒါအား ထိုးသတ်အနိုင်ယူခဲ့ပြီးနောက် ရန်ဖြစ်ရာတွင် ပါဝင်ခဲ့ကြသူများဖြစ်သည်။ ယင်းကဲ့သို့ စကားများရန်ဖြစ်ခဲ့ခြင်းကို ဗြိတိသျှလက်ဝှေ့အဖွဲ့ချုပ်က အရေးယူခဲ့ခြင်း မရှိပေ။

သို့သော်လည်း ယင်းတို့နှစ်ဦးသည် လာမည့်ဇူလိုင်လတွင် ဗြိတိသျှဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဒေးဗစ်ဟေးသည် ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ဒဗလျူဘီအေခါးပတ်လုပွဲအဖြစ် ဝါလာဒီမာနှင့် ထိုးသတ်ရာ ရှုံးနိမ့်ခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက လက်ဝှေ့ကစားခြင်းမှ အနားယူခဲ့သူဖြစ်သည်။ ယခုတစ်ဖန် ကြိုးဝိုင်းအတွင်းသို့ ပြန်ရောက်လာခြင်း ဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး – စုစည်းသည်



မက်ဒရစ်အိုးပင်းတင်းနစ် ဆီရီနာ ပထမဆုံးဥရောပပွဲ အနိုင်ရ

မက်ဒရစ် မေ ၈

အမေရိကန်နာမည်ကြီး တင်းနစ်အားကစားမယ် ဆီရီနာဝီလျံသည် ယခုနှစ် ရာသီတွင် ပထမဆုံးဥရောပပွဲအဖြစ် ပွဲထွက်လာခြင်းနှင့်အတူ မက်ဒရစ်အိုးပင်း၌ အီလန်နာဗက်စင်နာအား ၆-၃၊ ၆-၁ ဖြင့် အနိုင်ရလိုက်သည်။

တက်ရောက်နိုင်

*ဆီရီနာ **(အပေါ်ပုံ)** သည် အပြာရောင်မြေကြီးကွင်းသစ်ကြီးတွင် ပထမဆုံး အနိုင်ရလိုက်ပြီး ဒုတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ သူမသည် ၂၀၁၀ ခုနှစ်က မက်ဒရစ်အိုးပင်းတွင် တတိယအကျော့ပြိုင်ပွဲအထိသာ နောက်ဆုံး တက်ရောက်နိုင်ခဲ့သည်။*

"ကျွန်မအနေနဲ့ ဒီပွဲအနိုင်ရလိုက်တဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ ဒီနှစ်ရာသီမှာ ကျွန်မအတွက်တော့ ပထမဆုံးသော ဥရောပပြိုင်ပွဲဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အနိုင်ရဖို့ကြိုးစားသွားမှာပါ" ဟု ဆီရီနာက ပြောကြားသည်။

*ယင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ပီထရာဗစ်တိုးဗားက အီရာကိုဗစ်အား ၆-၂၊ ၆-၃ ဖြင့် အနိုင်ရပြီး နောက်တစ်ဆင့်တက်ရောက်သွားခဲ့သည်။ **(အင်တာနက်)***

မန်ယူအင်ပါယာ မကျဆုံးသေးဟု အသင်းခေါင်းဆောင် အီဗရာပြောကြား

လန်ဒန် မေ ၈

ပရီမီယာလိဂ်ဖလား လက်လွှတ်ဆုံးရှုံးခဲ့ရသော်လည်း မန်ယူအင်ပါယာ မကျဆုံးနိုင်ကြောင်း အသင်းခေါင်းဆောင် ပက်ထရစ်အီဗရာက ပြောကြားသည်။

လွန်ခဲ့သောလက ရှစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ခဲ့သော မန်ယူအသင်းသည် မန်စီးတီးကို ဂိုးကွာခြားချက်ဖြင့် ဖလားလွှဲပေးရမည့် အနေအထား ရှိနေသည်။

"ကျွန်တော်တို့ ပရီမီယာလိဂ်ဖလား မရနိုင်တော့ဘူးလို့ လူအများက ပြောနေကြပါတယ်။ ဒီလို ဖလားမရခဲ့ပေမယ့် မန်ယူရဲ့အင်ပါယာဟာ ကျဆုံးသွားမှာ မဟုတ်ပါဘူး။ မန်ယူဟာ ပရီမီယာလိဂ်ဘောလုံးလောကမှာ ဆက်လက်အောင်မြင်နေဦးမှာပါ" ဟု အီဗရာက ပြောကြားသည်။ အီဗရာသည် နီမန်ဂျာဗီဒစ်မရှိသည့်နောက် မန်ယူအသင်းကို ဦးဆောင်ကစားခဲ့သည်။

၎င်းသည် ၂၀၀၆ ခုနှစ်က ပြင်သစ်ကလပ် မိုနာကိုမှ မန်ယူသို့ ရောက်လာပြီးနောက် ပွဲပေါင်း ၂၉၀ ကျော် ပါဝင်ကစားပေးခဲ့သည်။ မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ် ဖလားလေးလုံးဆွတ်ခူးနိုင်ခဲ့သည်။ လာမည့် မေ ၁၃ ရက်တွင် မန်ယူက ဆန်းဒါးလန်းနှင့် နောက်ဆုံးပွဲကစားရမည်ဖြစ်သည်။ ထိုအချိန်တွင် မန်စီးတီးက ကျူးပီအာနှင့် ကစားရမည်ဖြစ်သည်။ မန်ယူနှင့် မန်စီးတီးတို့၏ လက်ရှိဂိုးကွာခြားချက်မှာ ရှစ်ဂိုးဖြစ်သည်။ မန်ယူက ဆန်းဒါးလန်းနှင့်ပွဲတွင် ဂိုးများများသွင်းယူဖို့လိုသည်။ **(အင်တာနက်)**

ပရီမီယာလိဂ်တွင် ၁၁ နှစ်ကြာကစားခဲ့သည့် ဘလက်ဘန်း ဝီဂန်ကိုရှုံးပြီး တန်းဆင်းရပြီ

လန်ဒန် မေ ၈

ဘလက်ဘန်းအသင်းနှင့် ဝီဂန်အသင်းတို့သည် မေ ၇ ရက်က ပရီမီယာလိဂ်ပွဲစဉ် (၃၇) လက်ကျန်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ ဘလက်ဘန်းအသင်းက အိမ်ကွင်း၌ ဝီဂန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ချန်ပီယံရှစ်သို့ တန်းဆင်းသွားပြီဖြစ်သည်။ ဝီဂန်အသင်းသည် ယင်းအနိုင်ပွဲကြောင့် နောက်နှစ် ပရီမီယာလိဂ်ပြိုင်ပွဲဝင်ရန် သေချာသွားစေခဲ့သည်။ ဝီဂန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို အယ်ကာရက်က ပွဲချိန် ၈၇ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

ဘလက်ဘန်းအသင်းသည် တစ်ပွဲနိုင်လျှင် ပရီမီယာလိဂ်တွင် ဆက်လက်ကစားခွင့်ရနိုင်မည့် အခွင့်အလမ်းရှိသော်လည်း ယင်းအခွင့်အလမ်းကို အမိအရအသုံးမချနိုင်ခဲ့သဖြင့် တန်းဆင်းခဲ့ရခြင်းဖြစ်သည်။ ဝီဂန်အသင်းအတွက် အယ်ကာရက်က ရှစ်ပွဲကစားခဲ့ရာတွင် ခြောက်ပွဲနိုင်အောင် ကစားပေးနိုင်ခဲ့သည်။ တန်းဆင်းဇုန်အထက် ငါးမှတ် အသာဖြင့် ရပ်တည်နိုင်ခဲ့သည်။ ဘလက်ဘန်းအသင်းသည် ယင်းရှုံးပွဲကြောင့် ပရီမီယာလိဂ်တွင် ၁၁ နှစ်ကြာ ကစားခဲ့ပြီးနောက် တန်းဆင်းခဲ့ရခြင်းဖြစ်သည်။ (အင်တာနက်)

အများသိစေရန် ကြေညာချက်

အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့်-

(က) အမှတ် ၆၁၊ မြေညီထပ်(ယာဘက်ခြမ်း)၊ ၁၂၂လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အလျား ၁၂½ပေ x အနံ ပေ ၄၀ အကျယ်ရှိ တိုက်ခန်း။

(ခ) အမှတ် ၈၊ မြေညီထပ်နှင့် ပထမထပ်(ဘယ်ဘက်ခြမ်း)၊ ၁၂၄လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အလျား ၁၂½ပေ x အနံပေ ၄၀ အကျယ်ရှိ တိုက်ခန်းနှစ်ခန်း။

(ဂ) ဆိုင်အမှတ် ၇၅၇၊ စတုတ္ထထပ်၊ အဆင့်မြင့်မင်္ဂလာဈေး၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အလျား ၅ပေ x အနံ ၅ပေအကျယ်ရှိဆိုင်ခန်း။

တို့မှာ ကျွန်ုပ်အမှုသည်ဖြစ်သူ ဦးဝင်းနိုင် ၁၂/မဂတ(နိုင်)၀၂၃၆၁၂နှင့် ယောက်ဖတော်စပ်သူ ဦးကျော်ကျော် ၁၂/မဂတ(နိုင်)၀၆၉၄၅၂တို့မှ အတူပူးတွဲ ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ပစ္စည်းများဖြစ်ပါသည်။

ယခုအခါတွင် အထက်ဖော်ပြပါ ပစ္စည်းများအနက် ဦးကျော်ကျော်မှ အမှတ်စဉ် (ခ)ပါ တိုက်ခန်းများအား ကာလပေါက်ဈေးငွေ ကျပ်သိန်း၄၄၀ တန်ဖိုးသင့်၍ အပြီးအပြတ်ရယူပြီး ဦးဝင်းနိုင်မှ အထက်အမှတ်စဉ် (ဂ)ပါ ဆိုင်ခန်းအား ကာလပေါက်ဈေး ကျပ်သိန်း ၁၆၀ တန်ဖိုးသင့်၍ ၄င်းဆိုင်ခန်းနှင့်တကွ အဆိုပါပစ္စည်းနှစ်မျိုး၏ ခြားနားခြင်းအလိုက် ငွေကျပ်သိန်း ၁၄၀ကို အပြီးအပြတ်ရယူကြရန် သဘောတူခဲ့ကြပြီးဖြစ်သည့်အားလျော်စွာ အဆိုပါဆိုင်ခန်းအား ဦးကျော်ကျော်မှ ဦးဝင်းနိုင်ထံသို့ လက်ရောက်ပေးအပ်ပြီးဖြစ်သော်လည်း အလိုက်ငွေ ကျပ်သိန်း ၁၄၀ကိုမူ ဦးကျော်ကျော်မှ ပေးအပ်ရန် ပျက်ကွက်လျက်ရှိပါသည်။

ထိုသို့ ဦးကျော်ကျော်မှ ပျက်ကွက်လျက်ရှိသော်လည်း ဆွေမျိုးတော်စပ်သူများဖြစ်သည်ကို ထောက်ထားလျက် ကျွန်ုပ်၏အမှုသည် ဦးဝင်းနိုင်အနေဖြင့် မူလနှစ်ဦးသဘောတူညီချက်အတိုင်း ဦးကျော်ကျော်ထံမှ ငွေကျပ်သိန်း ၁၄၀ကိုရယူပြီး နှစ်ဦးအတူလက်ရှိဖြစ်သော အထက်အမှတ်စဉ်(ခ)ပါ မြေညီထပ်တိုက်ခန်းကိုလည်းကောင်း၊ ဦးဝင်းနိုင်လက်ရှိဖြစ်သော အမှတ်စဉ်(ခ)ပါ ပထမထပ်တိုက်ခန်းကိုလည်းကောင်း ဦးကျော်ကျော်ထံသို့ လက်ရောက်ပေးအပ်ကာ စာရင်းရှင်းလင်းရန် အသင့်ရှိပါ၍ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မူလကရှိပြီးသော အထက်ပါသဘောတူညီချက်များအတိုင်း ဦးကျော်ကျော်မှ လိုက်နာဆောင်ရွက်ပေးပါရန် တောင်းဆိုအပ်ပါသည်။

၄င်းပြင် ယခုကဲ့သို့ နှစ်ဦးနှစ်ဖက် စာရင်းရှင်းလင်းနေစဉ်ကာလအတွင်း ပူးတွဲပိုင်ဆိုင်လျက်ရှိသော အထက်ဖော်ပြပါ ပစ္စည်းများအားလုံးနှင့်ပတ်သက်၍ ကျွန်ုပ်အမှုသည် ဦးဝင်းနိုင်၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးဝင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ)
(စဉ်-၆၇၀၂)
အမှတ် ၅၆၁၊ (M.A.C Tower)၊ အခန်း ၇၀၁၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

စည်သူ(၉၉)သူငယ်ချင်းများသို့

စည်သူ (၉၉) သူငယ်ချင်းများ၏ (၁၄)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလှူဒါနပြုပွဲများကို ၁၅-၅-၂၀၁၂ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌လည်းကောင်း၊ ၁၃-၅-၂၀၁၂ရက် နံနက် ၁၀နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်း၌လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျောင်းဆင်း မိတ်ဆုံစားပွဲများကို ၁၉-၅-၂၀၁၂ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်ရှိ ရွှေလီစားသောက်ဆိုင်၌လည်းကောင်း၊ ၁၅-၅-၂၀၁၂ရက် ညနေ ၆နာရီတွင် နေပြည်တော်၊ ရာဇဌာနီလမ်းရှိ မိသားစုအကင်ဆိုင်၌လည်းကောင်း ကျင်းပပြုလုပ်ရန် စီစဉ်ထားပါသဖြင့် သူငယ်ချင်းအားလုံး စုံညီစွာတက်ရောက်ပေးကြပါရန်…

စည်သူ(၉၉)သူငယ်ချင်းများ

ဒဂုံ မြို့သစ် (တောင်ပိုင်း) မြို့နယ် (၁၀၇) ရပ်ကွက် ပြည်လုံး ချမ်းသာဆု တောင်း ပြည့် စေတီတော်မြတ်ကြီး၏ (၁၈)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲကို မေ ၅ ရက် (ကဆုန် လပြည့် ဗုဒ္ဓနေ့)၌ စေတီတော် ပရိဝုဏ် အတွင်း ကျင်းပရာ ဗောဓိညောင်ပင်အား ဆရာတော် သံဃာတော်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးဝင်းခိုင်နှင့် အဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ပြည်သူများ ညောင်ရေသွန်းလောင်းကြစဉ်။ (၀၂၅)

စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေး အကျိုးပြုနေသည့် စဉ့်ကိုင်မြို့နယ်က ရွှေလုံ့ပိုလ်မြစ်ရေတင်စီမံကိန်း

နေပြည်တော် မေ ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၇ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသော ရွှေလုံ့ပိုလ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး နတ်ရေကန် ရေလွှဲဆည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဒုတိယဝန်ကြီး ဦးခင်ဇော်အား ရွှေလုံ့ပိုလ်မြစ်ရေတင်စီမံကိန်း ကြီးကြပ်အင်ဂျင်နီယာ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးရဲဝင်းထွန်း၊ စဉ့်ကိုင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာ ဦးအောင်ဝင်းနှင့် စဉ့်ကိုင်မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးတင့်တို့က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တည်ဆောက်ရေးကာလအတွင်း စိုက်ပျိုးရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရွှေလုံ့ပိုလ်ကန်အတွင်း ရေသိုလှောင်ထားရှိမှုနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု **(အောက်ပုံ)** ရေတင်အဆင့်(၁)မှ နွေစပါးရေပေးဝေမှု၊ ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှု၊ တောင်သူပညာပေးနှင့် သုတေသနသင်တန်းကျောင်းတည်ဆောက်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအားတွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် ရွှေလုံ့ပိုလ်မြစ်ရေတင်စီမံကိန်းသည် တည်ဆောက်ဆဲကာလအတွင်း၌ပင် ရေပေးဝေနိုင်သော စီမံကိန်းဖြစ်၍ စဉ်ဆက်မပြတ် တိုးတက်အောင် ကြိုးစားဆောင်ရွက်

သွားကြရန်၊ ပုံမှန်ပန့်ဖြင့် ရေတင်ပေးဝေမှုစနစ်သာမက ရေလွှဲစနစ်ဖြင့် ရေပေးဝေနိုင်မှု၊ ရေလွှဲဆည်မှ ပိုလျှံရေကို နတ်ရေကန်ချောင်းမှတစ်ဆင့် ရွှေလုံ့ပိုလ်ကန်အတွင်းသို့စီးဝင်စေ၍ စိုက်ခင်းများသို့ Gravity စနစ်ဖြင့် ရေပေးဝေနိုင်မှုစသော ရေပေးစနစ်စုံလင်သည့်အတွက် ရေကို လိုအပ်သလိုအကျိုးရှိစွာ ပေးဝေနိုင်ရန်၊ စက်မှုလယ်ယာစနစ် ဖော်ဆောင်ခြင်း၊ ရေပေးမြောင်း၊ ရေနုတ်မြောင်း၊ လယ်ယာကုန်ထုတ်လမ်း၊ အထွက်တိုးမျိုးနှင့် စိုက်နည်းစနစ်များ ပေါင်းစပ်ဆောင်ရွက်၍ ဒေသခံတောင်သူများ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ကျေးဇူးတုံ့ပြန်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ရွှေလုံ့ပိုလ်မြစ်ရေတင်စီမံကိန်းသည် ရေတင်အဆင့်(၃)ဆင့်၊ ရေလွှဲဆည်တို့ဖြင့် ဧက ၃၀၀၀ ရေပေးဝေနိုင်ရန် ဆောင်ရွက်နေသော စီမံကိန်းဖြစ်ပြီး စီမံကိန်းစတင်သည့် ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း မိုးစပါးဧက ၄၅၀ နှင့် နွေစပါးဧက ၅၂၀ ကို ရေပေးဝေနိုင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း မိုးစပါးနှင့် အခြားသီးနှံ ၉၉၂ ဧက၊ နွေစပါးနှင့် အခြားသီးနှံဧက ၆၆၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ အဆိုပါစီမံကိန်းသည် ဒေသတွင်းစိုက်ပျိုးရေရရှိရေးအတွက်သာမက ဒေသတွင်းသောက်သုံးရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက်ပါ အကျိုးပြုနိုင်သော အောင်မြင်သည့်စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။ **တင်ထွေး(သတင်းစဉ်)**

လူပျောက်ကြော်ငြာ

ဗဟန်းမြို့နယ်၊ ငါး/တောင်ရပ်ကွက်-၆၀၊ ဦးဘိုးအောင်လမ်းနေ ဒေါ်ခင်စိုးဆင့် (မသန်းငွေ) ၁၂/ကတန(နိုင်)၀၄၅၉၂၂သည် ၃-၅-၂၀၁၂ရက်တွင် ဈေးဝယ်ထွက်ရာမှ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက သတင်းပေးအကြောင်းကြားပေးရန်နှင့် သတင်းပေးသူအား ထိုက်တန်စွာ ကျေးဇူးဆပ်၍ လက်ခံထားသူအား ဥပဒေအရ အရေးယူမည်။ **ဦးဝင်းအောင်**

ဖုန်း-၀၉-၄၃၁၅၀၂၉၉၊ ၀၉-၄၂၁၀၈၃၄၉၃

အမည်ပြောင်း

ဦးကုလား၏သမီး မြစ်ကြီးနားမြို့၊ အထက(၃)၊ အဋ္ဌမတန်း(D)မှ မမေသန္တာချိုအား မပန်းမဥ္စူသန်းဟု ပြောင်းလဲခေါ်ပါရန်။

မပန်းမဥ္စူသန်း

သွေးသည် အသက်

မီးသတ်တပ်ဖွဲ့နေ့ မော်လမြိုင်ကျွန်း၌ကျင်းပ

မော်လမြိုင်ကျွန်း မေ ၈

(၆၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်တပ်ဖွဲ့ရုံးခန်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

အခမ်းအနားတွင် မြို့နယ်လူမှုရေးလုပ်ငန်းများ၌ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးနှင့် မီးသတ်ဂိုဒေါင်အလှူရှင် ဦးကိုကိုဦးမိသားစုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့် ဦးအောင်ဇော်လှိုင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်စက်ကြီးနှင့် စက်ကလေးလေ့ကျင့်ခန်း၊ ဂက်စ်အိုးနှင့် ဆီမီးလောင်မှုများအား မီးသတ်စွမ်းရည်ပြ မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။ **(၀၆၅)**

အခြေခံအိမ်တွင်းမှု သင်တန်းဖွင့်

မူဆယ် မေ ၈

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃၂)နှင့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၃၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာလုပ်ငန်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်နန်းစောရင်က သင်တန်း၌သင်ကြားမည့် ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသူများအား တွေ့ဆုံမှာကြားနှုတ်ဆက်ကြသည်။ အဆိုပါ သင်တန်းမှာ သင်တန်းကာလ ၁၄ ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသူ ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

MRTV-4

၉-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၄၀	**ဆီပြည့်အိုးအားကိုင်သွားရမယ်** တရားတော် (ဆရာတော် ဦးသောဘဏ)
၉:၄၅	မမေ့စေချင်သည် သာယာဝတီ နှစ်(၅၀)ပြည့် ရွှေရတု
၄:၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး**(အပိုင်း-၁၇)
၇:၂၀	Kick Rock Show (Part-3)
၈:၀၀	MRTV-4 သတင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၁)
၁၀:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၃)
၁၂:၃၀	လက်ဝယ်ရှိသော
၁:၄၀	ယွန်းအနုပညာတစ်ခု၏ဖြစ်တည်ရာ

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၈

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

ကာတွန်းပြိုင်ပွဲကို ဇွန် ၂ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ ပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကွန်ပျူတာတက္ကသိုလ်၌ လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၄နာရီအထိ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်ပုံစံများကို မေ ၇ ရက်မှစတင်ကာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး (၄၇-လမ်း ဗိုလ်တထောင်မြို့နယ်)နှင့် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး (ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်)တို့၌ အခမဲ့ ထုတ်ယူနိုင်ပြီး မေ ၂၆ ရက် နောက်ဆုံးထားပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ဗီဒီယိုကင်မရာများ၊ ရေဒါဆင်ဆာများ၊ ယာဉ်လမ်းကြောကို ရှာဖွေမောင်းနှင်နိုင်သည့် လေဆာစနစ်တို့ တပ်ဆင်ထားသည်။ ဂူဂဲလ်အင်ဂျင်နီယာများက အဆိုပါ မောင်းသူမဲ့ကားကို ယခင်က ကယ်လီဖိုးနီးယားပြည်နယ်လမ်းများပေါ်တွင် စမ်းသပ်မောင်းနှင်ခဲ့ပြီးဖြစ်သည်။ ယင်းစမ်းသပ်မောင်းနှင်မှုတွင် ဆန်ဖရန်စစ္စကိုမြို့ရှိ ဂိုလ်ဒင်းဂိတ်တံတားကြီးကိုလည်း ဖြတ်သန်းမောင်းနှင်ခဲ့သည်။

ပြောကြား

အဆိုပါ မောင်းသူမဲ့ကားသည် မိုင် ၁၄၀၀၀၀ကို အထိခိုက်မရှိ မောင်းနှင်နိုင်ကြောင်း ဆော့ဝဲလ်အင်ဂျင်နီယာ ဆီဗက်စတီးယန်းထရန်းက ပြောကြားသည်။

၎င်းမောင်းသူမဲ့ကားများသည် ဂူဂဲလ်က ယင်း၏ဆော့ဝဲလ်နည်းပညာကို အသုံးပြုထားသည်။ မောင်းသူမဲ့ကားများသည် အနာဂတ်အတွက်ကားများဖြစ်လာနိုင်မည်ဟုယုံကြည်ကြောင်း နီဗားဒါးပြည်နယ် မော်တော်ယာဉ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဘရုစ်ဘရီရှိုးက ပြောကြားသည်။ ***(အင်တာနက်)***

သိပ္ပံနှင့်နည်းပညာ သိပ္ပံနှင့်နည်းပညာ သိပ္ပံနှင့်နည်းပညာ

စက္ကရင်ကျယ်စမတ်ဖုန်း ဆမ်ဆောင်းမှ ထုတ်လုပ်ပြီ

ဆိုးလ် မေ ၈

ကမ္ဘာ့ထိပ်တန်း စမတ်ဖုန်းထုတ်လုပ်ရေး ကုမ္ပဏီကြီးတစ်ခုဖြစ်သော ဆမ်ဆောင်းက Galaxy S3 ဟုအမည်ပေးထားသည့် နောက်ဆုံးပေါ်စမတ်ဖုန်း အမျိုးအစားသစ်ကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း မေ ၇ ရက်က အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြထားသည်။ (ဝဲပုံ)

အဆိုပါဟမ်းဆက်သည် စက္ကရင်အကျယ် ၄ ဒသမ ၈ လက်မရှိသည်။ ယခင်စမတ်ဖုန်းမှာ စက္ကရင်အကျယ် ၄ ဒသမ ၃လက်မသာရှိသည်။ ဆမ်ဆောင်းမှ ထုတ်လုပ်ခဲ့သည့် S2 စမတ်ဖုန်းမှာ လူကြိုက်များရေပန်းစားခဲ့သဖြင့် ကမ္ဘာ့မိုဘိုင်းလ်ဖုန်း ရောင်းအားအကောင်းဆုံးကုမ္ပဏီဖြစ်သော နိုကီယာကို ဆမ်ဆောင်းက ကျော်တက်နိုင်ခဲ့သည်။ (အပေါ်ပုံ)

ကျော်တက်

ယခုထုတ်လုပ်လိုက်သောGalaxy S3ကြောင့်လည်း ဆမ်ဆောင်း၏ ရောင်းအားသည် နိုကီယာကို ဆက်လက်ကျော်တက်နိုင်လိမ့်မည်ဟု လေ့လာသုံးသပ်သူများက ဆိုကြသည်။

ဆမ်ဆောင်းမှ ထုတ်လုပ်လိုက်သော ယခုဟမ်းဆက်သည် တရုတ်(တိုင်ပေ)မှ ထုတ်လုပ်ထားသော HTC one X ထက် စက္ကရင်အကျယ် အနည်းငယ်ကြီးသည်။ အက်ပဲလ်မှ ထုတ်လုပ်သည့် iPhone 4S၏စက္ကရင်အကျယ်မှာ ၃ ဒသမ ၅ လက်မသာရှိသည်။

ထုတ်လုပ်ပေး

နိုကီယာမှထုတ်လုပ်သော Lumia 900 ဟမ်းဆက်မှာလည်း စက္ကရင်အကျယ် ၄ ဒသမ ၃ လက်မသာရှိသည်။ ဆမ်ဆောင်းကုမ္ပဏီသည် ဟမ်းဆက်များကို စက္ကရင်ကျယ်ကျယ်ထုတ်လုပ်ခြင်းဖြင့် ဈေးကွက်ရောင်းအား တိုးတက်ရေးအတွက် ထုတ်လုပ်ပေးလျက်ရှိသည်။ (အင်တာနက်)

အာကာကျော်-စုစည်းသည်

ဒစ်ဂျစ်တယ်သတင်းစာ ဖတ်နိုင်ပြီ

နယူးယောက် မေ ၈

အမေရိကန်နိုင်ငံ၌ The Daily အမည်ရှိ ဒစ်ဂျစ်တယ်သတင်းစာ တစ်စောင်ကို Rupert Murdoch သတင်းကော်ပိုရေးရှင်းက iPad အသုံးပြုကြသူများအတွက် ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အဆိုပါကော်ပိုရေးရှင်းက မေ ၇ ရက်တွင် ပြောကြားသည်။ (ဝဲပုံ)

အဆိုပါဒစ်ဂျစ်တယ်သတင်းစာဖတ်ရှုခွင့်မှာ တစ်လလျှင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၉ ဒေါ်လာ ကုန်ကျမည်ဖြစ်ပြီး တစ်နှစ်အတွက် ၁၉ ဒသမ ၉၉ ဒေါ်လာသာ ကုန်ကျမည်ဖြစ်သည်။

ယင်းဒစ်ဂျစ်တယ်သတင်းများသည် လုံးဝပုံနှိပ်ဖော်ပြခြင်း မရှိသေးသော သတင်းသစ်များကိုသာ ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း ဒစ်ဂျစ်တယ်သတင်းစာထုတ်ဝေသူ မားဒေါ့ချ်က ပြောကြားသည်။ ၎င်းဒစ်ဂျစ်တယ်သတင်းစာသည် iPad အသုံးပြုသူ ပရိသတ်များအတွက် အဓိကထားရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ဒစ်ဂျစ်တယ်သတင်းစာကို ဝန်ထမ်းပေါင်း ၁၀၀ ဖြင့် လည်ပတ်ထုတ်လုပ်လျက်ရှိပြီး iPad လက်ဝယ်ရှိသူများ နံနက်မိုးလင်းသည်နှင့် ဖတ်ရှုနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

သီရိလင်္ကာ၏ မိုဘိုင်းလ်ဖုန်းသုံးစွဲမှု နိုင်ငံလူဦးရေထက်ကျော်လွန်

ကိုလံဘို မေ ၈

သီရိလင်္ကာနိုင်ငံ၏ မိုဘိုင်းလ်ဖုန်းအသုံးပြုသူအရေအတွက်သည် ၂၀၁၁ ခုနှစ်အတွင်း လျင်မြန်စွာတိုးတက်ခဲ့ရာ လူ ၁၀၀ ရှိတိုင်း မိုဘိုင်းလ်ဖုန်း ၁၀၅ လုံးနှုန်း သုံးစွဲနေကြကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မေ ၆ ရက်တွင် ပြောကြားသည်။ (ယာပုံ)

၂၀၁၁ ခုနှစ်အကုန်တွင် သီရိလင်္ကာနိုင်ငံ၏ မိုဘိုင်းလ်ဖုန်းဆက်သွယ်အသုံးပြုမှုသည် ၅ ဒသမ ၄ ရာခိုင်နှုန်းတိုးလာကာ ၂၁ ဒသမ ၉ သန်းအထိ တိုးလာကြောင်း ဗဟိုဘဏ်၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ၂၀၁၁ ခုနှစ်အတွင်း အင်တာနက်ချိတ်ဆက်အသုံးပြုမှုမှာလည်း ရာခိုင်နှုန်းအားဖြင့် ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

နိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် နှစ် ၃၀ကြာ ပြည်တွင်းစစ်ချုပ်ငြိမ်းခဲ့ပြီးနောက် မိုဘိုင်းလ်ဖုန်းအသုံးပြုမှုမှာလည်း တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်ဟုဆိုသည်။ မိုဘိုင်းလ်ဖုန်းအများဆုံးသုံးစွဲကြသူများမှာ စစ်ဘေးစစ်ဒဏ်ခံရသော ပြည်သူများ၏ မိုဘိုင်းလ်ဖုန်းသုံးစွဲမှု များပြားလာခြင်းကြောင့်ဖြစ်သည်။သီရိလင်္ကာမိုဘိုင်းလ်ဖုန်းသုံးစွဲမှုသည် ဆင်းရဲသားပြည်သူများအကြား လျင်မြန်စွာတိုးတက်လာခဲ့သည်။ မိုဘိုင်းလ်ဖုန်းများကို လက်လုပ်လက်စား ဆင်းရဲသားနှင့် လယ်သမားများအထိပင် သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသက်အငယ်ဆုံးအမျိုးသမီး ကမ္ဘာတစ်ပတ် ရွက်လွှင့်သွားလာခဲ့

အမ်စတာဒမ် မေ ၈

နယ်သာလန်နိုင်ငံမှ ဆယ်ကျော်သက်အရွယ်မိန်းကလေးငယ်တစ်ဦးသည် ရေကြောင်းခရီးကို ရွက်လှေငယ်တစ်စင်းဖြင့် ကမ္ဘာတစ်ပတ် ခရီးသွားနိုင်ခဲ့သဖြင့် ကမ္ဘာ့အသက်အငယ်ဆုံး ရွက်လှေဖြင့် ကမ္ဘာပတ်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အပေါ်ပုံ)

လူရာဒက်ကာအမည်ရှိ အသက် ၁၆ နှစ်အရွယ် မိန်းကလေးငယ်သည် ရွက်လှေငယ်ဖြင့် တစ်ဦးတည်းရွက်လွှင့်ကာ ကမ္ဘာတစ်ပတ်ရွက်လွှင့်ခရီးနှင်ခဲ့ခြင်းဖြစ်သည်။ သူမသည် အသက် ၁၄ နှစ်အရွယ်မှစတင်ကာ ရွက်လွှင့်ခဲ့ခြင်းဖြစ်သည်။

ကြာမြင့်ခဲ့

လူရာဒက်ကာသည် အသက် ၁၄ နှစ်အရွယ်မှစတင်ကာ ရေလမ်းခရီးဖြင့် ရွက်လွှင့်ခဲ့ရာ ရက်ပေါင်း ၅၁၈ ရက်ကြာမြင့်ခဲ့သည်။ ထို့ကြောင့် မူလသတ်မှတ်ထားသည့် နေရာသို့ရောက်ရှိသည့်အခါ သူမအသက် ၁၆ နှစ်အတွင်း ရောက်ရှိနေခြင်းဖြစ်သည်။

ရွက်လှေငယ်ဖြင့် တစ်ဦးတည်းရွက်လွှင့်ခဲ့ရာတွင် စုစုပေါင်း ရေမိုင် ၂၇၀၀၀ ခန့်ရှိကြောင်း၊ ရွက်လွှင့်နေစဉ်ကာလအတွင်း နိုင်ငံအများအပြားသို့ရောက်ရှိခဲ့ကြောင်း သိရသည်။ သူမအနေဖြင့် အသက်အငယ်ဆုံး ကမ္ဘာတစ်ပတ်တစ်ဦးတည်း ရွက်လွှင့်နိုင်သူဖြစ်ခဲ့ပြီး ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။ (အင်တာနက်)

အာကာဟိန်း – စုစည်းသည်

ကမ္ဘာ့အမြန်ဆုံးစက္ကူလေယာဉ်ပျံပြိုင်ပွဲ လူပေါင်း ၂၄၉ဦး ပါဝင်ဆင်နွှဲမည်

ဗီယင်နာ မေ ၈

သြစတြီးယားနိုင်ငံ ဆာဇ်ဘတ်မြို့တွင် လာမည့်သီတင်းပတ်၌ ကမ္ဘာ့စက္ကူလေယာဉ်ပျံပြိုင်ပွဲကြီး ကျင်းပမည်ဖြစ်ရာ ကမ္ဘာ့အမြန်ဆုံးစက္ကူလေယာဉ်ပျံအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်ပွဲဖြစ်ကြောင်း မေ ၇ ရက်က သတင်းထုတ်ပြန်သည်။ (ယာပုံ)

ဆင်နွှဲ

ယင်းပြိုင်ပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၇၀မှ ပြိုင်ပွဲဝင် ၂၄၉ ဦး ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စက္ကူလေယာဉ်ပျံကို A4 အရွယ်အစားစက္ကူဖြင့် ပြုလုပ်ရမည်ဖြစ်ပြီး ၎င်းစက္ကူလေယာဉ်ပျံများကို လက်ဖြင့်ပစ်လွှတ်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို နိုင်ငံတကာစက္ကူလေယာဉ်ပျံအဖွဲ့(ပီအေအေ)က တာဝန်ယူကျင်းပခြင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်မှစတင်ကာ ဆင်နွှဲလာခဲ့ခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ်က လေထဲတွင် အမြန်ဆုံးပျံသန်းနိုင်သည့် စက္ကူလေယာဉ်ပျံ၏ စံချိန်မှာ အကွာအဝေး ၂၀၇ ပေကို ၂၇ ဒသမ ၉ စက္ကန့်ဖြင့် ပျံသန်းခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ကမ္ဘာ့အရှည်ဆုံးအမျိုးသမီးမင်္ဂလာဝတ်စုံ ရိုမေးနီးယားနိုင်ငံသူ ဝတ်ဆင်ပြသ

ဘူခါရက် မေ ၈

ရိုမေးနီးယားနိုင်ငံသူ အမျိုးသမီးလေးတစ်ဦးသည် မင်္ဂလာဝတ်စုံရှည်ကြီးတစ်စုံကို ဝတ်ဆင်ကာ ကိုယ်ဟန်ပြခဲ့သဖြင့် ကမ္ဘာပေါ်တွင် အရှည်ဆုံးမင်္ဂလာဝတ်စုံအဖြစ် မေ ၅ ရက်က အင်တာနက်သတင်းတွင်ဖော်ပြသည်။ (ဝဲပုံ)

တီထွင်ထုတ်လုပ်

အသက်၁၇နှစ်အရွယ်ရှိ အီမာဒူမီတရက်စ်ကူအမည်ရှိ ဘူခါရက်မြို့မှ မော်ဒယ်လေးတစ်ဦးက အရှည် ၉၀၂၂ ပေရှိ မင်္ဂလာဝတ်စုံကို ဝတ်ဆင်ကာ ဟန်ရေးပြခဲ့ခြင်းဖြစ်သည်။ သူမ၏ဝတ်စုံကို အင်ဒရီးဆလွန်ဖက်ရှင်ကုမ္ပဏီမှ ဒီဇိုင်နာတစ်ဦးက တီထွင်ချုပ်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါမင်္ဂလာဝတ်စုံကို အလုပ်သမား ၁၀ ဦးက ရက်ပေါင်း ၁၀၀ ခန့်ချုပ်လုပ်ခဲ့ကြပြီး ဖက်ရှင်ပရိမိုးရှင်းအတွက် အထူးတီထွင်ချုပ်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းမင်္ဂလာဝတ်စုံ၏အရောင်မှာ အဖြူရောင်ဇာပိတ်အမျိုးအစားဖြစ်သည်။ ယခင်က ကမ္ဘာ့အရှည်ဆုံးမင်္ဂလာဝတ်စုံမှာ အရှည်ပေ ၇၀၀ ခန့်ရှိသော အမျိုးသမီးမင်္ဂလာဝတ်စုံဖြစ်ပြီး အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ မိန်းကလေးတစ်ဦးက ဝတ်ဆင်ပြသခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ခင်ခင်ဝင်းအား

Global Women's Affairs ဆိုင်ရာ Ambassador Melanne Verveer ဦးဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ခင်ခင်ဝင်းအား Global Women's Affairs ဆိုင်ရာ Ambassador Melanne Verveer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ခင်ခင်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီးဒေါ်လင်းလင်းတင်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မွန်မွန်အောင်၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေး၊ အမျိုးသမီးများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ လူကုန်ကူးမှု မှုခင်းများတိုက်ဖျက်ရေး၊ ပပျောက်ရေးတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ဆောင်ရွက်ချက်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ခင်ခင်ဝင်းအား Global Women's Affairs ဆိုင်ရာ Ambassador Melanne Verveer နေပြည်တော်ရှိ သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ခရီးသွားလုပ်ငန်းကဏ္ဍသည် မြန်မာနိုင်ငံအတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး နည်းလမ်း(၃)ခုဖြင့် ကူညီပေးမည်

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Dr. Taleb Rifai နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Xu Jing တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် မေ ၆ ရက် ည ၇ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်ဧည့်ခန်းမ၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) အထွေထွေအတွင်းရေးမှူးချုပ် Dr. Taleb Rifai နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Xu Jing တို့နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲ၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်က ခရီးသွားလုပ်ငန်းကဏ္ဍသည် မြန်မာနိုင်ငံအတွက် အရေးပါသော ကဏ္ဍ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍကို ယခုထက်ပို၍ ဖွင့်ပြီးဆောင်ရွက်ပါက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတို့တွင် အကျိုးကျေးဇူးပြုမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းလမ်း(၃)ခုဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပထမနည်းလမ်းမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများ၏ ပညာရေးအခြေအနေများကို ၎င်းတို့အဖွဲ့မှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသည့် စစ်ဆေးရေးအဖွဲ့များဖြင့် စေလွှတ်စစ်ဆေးပေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ ဒုတိယနည်းလမ်းအနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) ဌာနချုပ်၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား လေ့ကျင့်သင်ကြားပေးခြင်း၊ *စာမျက်နှာ ၁၀ ကော်လံ ၁* ■

မြန်မာ့အလင်း **နည်းပညာသိပ္ပံ**

➤ အာကာကျော် - ရေးသားသည် ➤

မောင်းသူမဲ့ကားများ ဂူဂဲလ်မှစမ်းသပ်

နီဗားဒါး မေ ၈

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်မှတာဝန်ရှိသူများက အမေရိကန်နိုင်ငံ၏ ပထမဆုံး သူ့အလိုအလျောက်မောင်းနှင်နိုင်သည့် မော်တော်ယာဉ်များအတွက် လိုင်စင်ထုတ်ပေးရန် သဘောတူလိုက်ပြီးနောက် မကြာမီ ယာဉ်မောင်းမပါသော မော်တော်ကားများ နီဗားဒါးလမ်းများပေါ်တွင် အမှန်တကယ် တွေ့မြင်ရတော့မည်ဖြစ်ကြောင်း မေ ၈ ရက်တွင် သတင်းဖော်ပြထားသည်။

အဆိုပါ မောင်းသူမဲ့ကားများ ထုတ်လုပ်ရေးအစီအစဉ်ကို ဂူဂဲလ်ကုမ္ပဏီက ဆောင်ရွက်ခြင်းဖြစ်ပြီး တိုယိုတာပရီရှပ်ကားတစ်စီးကို မောင်းသူမဲ့ကား နည်းပညာကိုအသုံးပြုပြီး မောင်းနှင်ပြသမည်ဖြစ်ကြောင်း ဂူဂဲလ်ကုမ္ပဏီက ပြောကြားသည်။ ***(အောက်ပုံ)***

အခြားသောကုမ္ပဏီများကလည်း နီဗားဒါးပြည်နယ်၌ မောင်းသူမဲ့ကားများ ထုတ်လုပ်အသုံးပြုရန် စဉ်းစားနေကြပြီဟုဆိုသည်။ အဆိုပါ မောင်းသူမဲ့ကား၏ ခေါင်မိုးပေါ်တွင် ***စာမျက်နှာ ၁၂ ကော်လံ ၁*** ✻

မိုးခေါင်ခံပဲပုပ်မျိုးစေ့ အာဂျင်တီးနားသုတေသီများထုတ်လုပ်

ဗျူနိုအေရိ မေ ၈

မိုးခေါင်မှုဒဏ်ခံနိုင်သော ပဲပုပ်မျိုးစေ့တစ်မျိုးကို စမ်းသပ်တွေ့ရှိခဲ့ကြောင်း၊ အဆိုပါ ပဲပုပ်မျိုးစေ့သည် အထွက်နှုန်းကောင်းစေကြောင်း **(ဝဲပုံ)** အာဂျင်တီးနား စိုက်ပျိုးရေး သုတေသနပညာရှင်များက မေ ၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ရာကွယ်ချန်းဟုခေါ်သော အဆိုပါသုတေသနအဖွဲ့သည် မိုးခေါင်ဒဏ်ခံနိုင်သည့် $HAHB_4$ အမည်ရှိ နေကြာမျိုးဗီဇကို ***စာမျက်နှာ ၁၀ ကော်လံ ၁*** ●